www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် [ ၁၀၉၇ / ၉၉ (၁၂) ]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [ ၂၈၇ / ၂၀၀၀ (၅) ]

❑

ပုံနှိပ်ခြင်း
ပထမအကြိမ် –(၁၉၆၅) နှလုံးလှစာပေတိုက်
ဒုတိယအကြိမ် –(၂၀၀၀) ရာပြည့်စာအုပ်တိုက်
( ၁၊ စက်တင်ဘာ၊ ၂၀၀၀ )
အုပ်ရေ [၁၀၀၀]

❑

မျက်နှာဖုံးနှင့် အတွင်းစာသား ပုံနှိပ်သူ
ဒေါ်ခင်အေးမြင့် [၀၅၉၀၁]၊ ရာပြည့်အော့ဖ်ဆက်
အမှတ် ၁၉၉၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

ထုတ်ဝေသူ
ဦးလှကြိုင် [၀၂၃၃]၊ လောကစာပေ
အမှတ် ၃၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။

❑

အတွင်းဖလင်
အေဇက်

❑

စာအုပ်ချုပ်
ကိုမြင့်

❑

မျက်နှာဖုံး ပန်းချီ
ဇော်မောင်

❑

တန်ဖိုး
၁၅၀၀ိကျပ်

BURMESE CLASSIC .com

မာတိကာ

| | |
|---|---|
| ၁။ နဂါးခံတွင်း ဂူကြီး | ၉ |
| ၂။ ဒွေးသာဂိ၏ စာခြောက်ရုပ် | ၃၉ |
| ၃။ ထန်းသီးကြွေခိုက် ကျီးနင်းခိုက် | ၆၆ |
| ၄။ အံ့ဖွယ်ရောဂါ | ၈၄ |
| ၅။ ရိုးလျှင်မိုက် ဆန်းလျှင်ခိုက် | ၁၁၁ |
| ၆။ ပဋိသန္ဓေမှ ကုသိုလ်ကံ ထောက်ပံ့သော်လည်း | ၁၃၃ |
| ၇။ ကံကောင်းလို့ မသေ | ၁၆၁ |
| ၈။ ကံကောင်းတဲ့ ခွေး | ၁၈၅ |
| ၉။ သခင် ကျောက်ဖလူး | ၂၀၀ |
| ၁၀။ စက္ကူမြီးအိမ်သုံးလုံး ထွန်းသောအိမ် | ၂၃၄ |
| ၁၁။ အင်္ဂါဂြိုဟ်၌ လူရှိသလော | ၂၅၀ |
| ၁၂။ လူဆိုး ဘုန်းကြီးသောခေတ် | ၂၇၆ |
| ၁၃။ ထီးကိုး | ၂၉၇ |
| ၁၄။ ကာလယန္တရား | ၃၁၈ |

www.burmeseclassic.com

www.burmeseclassic.com



အဆင်းလှသော မိန်းကလေးတစ်ယောက်သည် ကိန္နရီ ကိန္နရာ မောင်နှံတို့ကဲ့သို့ ချပ်ပေါ်တွင် ဝဲလျက် ပေါ်လာကြ၏။ ကိုထွန်းလှသည် ကျွန်ုပ်ကို မြင်သည်နှင့် ကျွန်ုပ်က ချပ်၏ အခြားဘက်သို့ ကူးလိုကြောင်း ပြောရာတွင် ကိုထွန်းလှသည် ကျွန်ုပ်၏ လက်တစ်ဖက်ကို ကိုင်၍ အခြားလက်တစ်ဖက်ကို လိမ္မော်ရောင် မိန်းမက လှမ်းကိုင်လိုက်၏။ ကျွန်ုပ်သည် မြေကြီးနှင့် ခြေထောက် လွတ်သွား၍ ရင်ထဲ၌ အေးခနဲ ဖြစ်သွားသည်တွင် ဖျတ်ခနဲ လန့်နိုးလာခဲ့လေတော့သည်။

ကျွန်ုပ်သည် ကိုထွန်းလှအကြောင်းကို ရံဖန်ရံခါ စဉ်းစားမိ၍ သူ မြင်တွေ့ခဲ့ရသည် ဆိုသော အခြင်းအရာများမှာ အကယ်ပင် ဟုတ်ပါလေ၏လော၊ သူ၏ စိတ်ထဲ၌ ထင်မြင်မိသော အကြောင်းအရာများသာ ဖြစ်လေသလော ဟူသော ဆင်ခြင်မှု ဖြစ်ပေါ်မိရာ၊ စင်စစ်သော်ကား ဤလောက၌ အဘယ်အရာသည် အဟုတ်တကယ် ဖြစ်၍၊ အဘယ်အရာသည် စိတ်၌ ထင်ရခြင်းသာ ဖြစ်သည်ဟု အဘယ်သူသည် ဆုံးဖြတ်ခြင်းငှာ စွမ်းနိုင်ပါအံ့နည်း။

(H.G.Wells ၏ The Door in the Wall ကို မှီးပါသည်။)

[ ရှုမဝ၊ အတွဲ(၄)၊ အမှတ် (၃၈)၊ ဇူလိုင်လ ၁၉၅၀ ]

## ဒွေးသာဂီ၏ စာခြောက်ရုပ်

'ပေါက်တူးရေ၊ ငါ့ဆေးအိုးဖို့ မီးယူခဲ့ဟေ့'

ဒွေးသာဂီသည် ရွာအနောက်စွန်း ခြံစည်းရိုးအနီး၌ ကပ်လျက် ဘိုးနက်ကျော် လက်ထက်က ဆောက်ထား၍ သက်ငယ်အမိုးတွင် အဖာတစ်ရာ၊ ဝါးထရံ ဗလချာ ဖြစ်နေသော တဲကုပ်ထဲ၌ အရှေ့ရူးရူးလှည့်ကာ ထိုင်၍ ဆေးရိုးမှုန့်နှင့် ဆေးရွက်ကြီးမှုန့် ရောစပ်ထားသည့် "သာဂီကတ်" ကို အုန်းမှုတ်ခွက်ထဲမှ ထုတ်ယူကာ ဒန်တိုထဲသို့ ထည့်ပြီးနောက် သွားမရှိသော ပါးစပ်ထဲသို့ ထိုးသွင်းရင်း အထက်ပါ စကားများကို ပြောလိုက်ခြင်း ဖြစ်လေသည်။ ဒွေးသာဂီ၏ ခင်ပွန်း ဘိုးနက်ကျော်မှာ ငယ်စဉ်က ပျားဖွပ်၊ ယုန်လိုက်၍ ဖားရိုက်ခဲ့သော အပြစ်ဒုစရိုက်များကြောင့် အဝီစိသို့ ရောက်လိမ့်မည်ဟု ရွာကျောင်း ဘုန်းတော်ကြီးက ဟောဖူးသော်လည်း၊ အဝီစိမီးသည် ဖားကောင် ဖောင်းဖောင်းဝဝ မရ၍ ဒွေးသာဂီ နားပူခြင်းထက် ပို၍ ပူနိုင်စရာ မရှိ ဆို၍ ဒုက္ခများလှသော လောကကြီးမှ သက်တမ်းတစ်ပယ် မပြည့်မီ ထွက်ခွာသွားခဲ့လေပြီ။ ယုန်လိုက်၊ ဖားရိုက်၍ ကျွေးမည့်သူ မရှိသောအခါ ဒွေးသာဂီမှာ စပါးရိတ်ချိန်တွင် ကောက်သင်းကောက်ခြင်း၊ လင်လိုချင်သော



www.burmeseclassic.com

www.burmeseclassic.com



တောင်သူကလေးများအား စာရေးကြီးနှင့် ရလိမ့်မည်၊ မြို့ဝန်မင်းက ညည်းကို ကြိုက်နေသည် စသည်ဖြင့် လက္ခဏာဖတ်ခြင်း၊ ပေဒင် မတောက်တစ်ခေါက် ဟောခြင်း၊ ခြေပွတ်တိုင် လည်သောသူ၊ လက်ဆစ်လွဲသော လူ၊ မျက်စိ ကျိန်းသောလူ စသည်များကို "ခြေက ဖွား" ဆို၍ တံတွေးကလေးနှင့် ပွတ်သပ်ကာ "ဥုံဖွ ချေးတုံး မတ်တတ်ထ" စသည်ဖြင့် မန်းမှုတ်ပေးခြင်း စသော အလုပ်များဖြင့် အသက်ခန္ဓာကိုယ် တည်မြဲအောင် ဖန်တီးရလေ တော့သည်။ အချို့ရွာသားများက ဒွေးသာဂိအား စုန်းမကြီးဟူ၍ သမုတ် ကြ၏။ အိမ်နီးချင်း မနက်ထော်ကလည်း ဆွမ်းကျွေးတရားပွဲမှ ပဲကြီးဟင်းနှင့် မန်ကျည်းပွင့် သနပ်တွေကို ဗိုက်ကားအောင် စားခဲ့၍ ၎င်း၏ နို့စို့ကလေး ဝမ်းဗိုက်နာသည့်အခါ၊ ဒွေးသာဂိ ပြုစားသည်ဆို၍ လက်ဖက်တစ်ထုပ်နှင့် တောင်းပန်သည်တွင်မှ ကလေးဗိုက်နာ ပျောက်သွားသည်ဟု သတင်းလွှင့် ကာ၊ ဒွေးသာဂိကမူ စုန်း ထင်လိုထင်၊ ကဝေ သမုတ်လိုသမုတ်။ လက်ဖက် လှိုင်လှိုင်စားရ၍ "ချွတ်လွဲ" သည့်အခါတိုင်း မုန့်ဆီကြော်နှင့် မုန့်ကြာကွက် တို့ကို ဆန်ကောနှင့်ထည့်ကာ "အစွဲပစ်" ကြသမျှ ကာလပတ်လုံး ကျေနပ် သည့် လက္ခဏာ ရှိ၏။

ဖော်ပြခဲ့သည့်အတိုင်း ဒွေးသာဂိသည် ဒန်တိုကို နှုတ်ခမ်းကြား၌ ညှပ်လျက် 'ပေါက်တူးရေ၊ ငါ့ဆေးအိုးဖို့ မီးယူခဲ့ဟေ့' ဟု ဆိုကာ ဒန်တိုကို ဖွာလိုက်သည်နှင့် တစ်ပြိုင်နက် မည်သူ၏လက်နှင့် ကိုင်ထည့်လိုက်သည် မသိ၊ ဒွေးသာဂိ၏ စဉ့်ဆေးအိုးသည် ရဲခနဲ ဖြစ်လာ၍ ဒွေးသာဂိ၏ပါးစပ်ထဲ မှလည်း အခိုးများ တခြောင်းခြောင်း ထွက်လာတော့သည်။

'အေး ဟုတ်ကပြီ နေရာကျတယ်၊ ကိုင်း ငါ့သားကြီး ဝေးဝေးမသွား နဲ့ဟေ့၊ ခေါ်လိုက်ရင် ကြားပစေ။ အမေကြီး စာခြောက်ရုပ် လုပ်ရဦးမယ်' ဟု ဆိုကာ ဒွေးသာဂိသည် တဲကလေး အကြိုအကြားမှ တိုလီမိုစ ပစ္စည်းများ ထုတ်ယူလာခဲ့၏။ ဒွေးသာဂိသည် ရွာသချိုင်းကုန်းအနီး၌ မည်သူမျှ မစိုက်ပျိုး သည့် ကုန်းမြေကလေးပေါ်တွင်၊ မျက်စိကျိန်း၍ ပျောက်အောင် မန်းပေးဖူး





သည့် ဖိုးလူနီက ထွန်ယက်ပေးသည်နှင့် ပြောင်းတစ်လမယ် ကြဲထားရာ၊ အနှံများကို စာကလေးများ ဖြုတ်ချွေစားသည်ဆို၍ စာခြောက်ရုပ်နှင့် ခြောက် လှန့်ဖို့ စိတ်ကူးခြင်း ဖြစ်လေသည်။

ဒွေးသာဂိသည် သူတစ်ပါးကို ကြောက်အောင်ခြောက်သည့် အလုပ် မျိုးတွင် ပါရမီရင့်ခဲ့သူဖြစ်၍ စာကလေးများကို မဆိုထားဘိ၊ အလွန်စာတတ် သော ရွာကျောင်းဘုန်းကြီးကိုပင် ထိုလမ်းမှ ဆွမ်းခံမကြွဝံ့လောက်အောင် ကြောက်ဖွယ်ရာကောင်းသည့် စာခြောက်ရုပ်မျိုး လုပ်နိုင်သည့် စိတ်ကူးဉာဏ် ရှိ၏။ သို့ရာတွင် ထိုနေ့နံနက် အဖို့၌ ဒွေးသာဂိသည် ရွာခေါင်း၏သမီး ဗိုက်နာပျောက်အောင် မန်းမှုတ်ပေးသည့်အတွက် ကောက်ညှင်းပေါင်းနှင့် ဖားကင်ခြောက် ကန်တော့သည်ကို စားထားသဖြင့်၊ စောစောစီးစီး ဝမ်းဗိုက် တောင့်လျက် စိတ်ကောင်းဝင်နေခိုက် ဖြစ်သောကြောင့် စာခြောက်ရုပ် လှလှ ပပ လုပ်ဖို့ အကြံဖြစ်နေ၏။ ဆေးတစ်ဆုံ သောက်လိုက်ရခြင်းအတွက်လည်း အလွန်ဉာဏ်ရွှင်လျက် ရှိတော့သည်။ သို့ဖြစ်၍ ဒွေးသာဂိသည် ဟဲအကြို အကြားမှ ဆွဲထုတ်ယူခဲ့သော တိုလီမိုလီ ပစ္စည်းများဖြင့် ခေတ်မီ၍ စတိုင်ကျ သော လူချော စာခြောက်ရုပ်ဖြစ်အောင် လုပ်ဖို့ ဆုံးဖြတ်ချက် ချလေ၏။

လူမှန်လျှင် ကျောရိုးတောင့်မှ တန်ဖိုးရှိသည်ဟု ဝေါဟာရ ပြောကြ သည့်အတိုင်း ဒွေးသာဂိသည် ဘိုးနက်ကျော် ရှိစဉ်က ကိုင်ခဲ့ဖူးသည့် (ဖား ရိုက်သော) ဝါးရင်းတုတ်ကို ကျောရိုးအဖြစ်နှင့် အခြေတည်လိုက်၏။ လက် မောင်း တစ်ဖက်မှုကား မြင်းခုံမှ ပြုတ်နေသော လက်ရန်းတစ်ဖက်ကို တပ်၍၊ အခြားတစ်ဖက်မှာ အဆန်ကုန်လုမတတ်ဖြစ်၍ လှည်းမရသဖြင့် ပစ်ထား သော တံမြက်စည်းတိုတစ်ချောင်းကို တပ်လိုက်၏။ တံတောင်ဆစ်ကွေး တစ်ဖက်တစ်ချက်တွင် မီးဖိုထဲမှ မီးမလောင်သဖြင့် ကျန်နေသော ထင်း အမျက်တုံး နှစ်ချောင်းကို ကောက်ရိုးမျှင်များနှင့် ကရော်ကမည် ချည်လိုက် ခြင်းအားဖြင့် လက်များ ဖြစ်လာကြတော့သည်။ ခြေထောက်များမှာ တစ်ဖက် တွင် စပါးပုံပေါ်၌ ကောက်ရိုးခြစ်သည့် ထွန်ခြစ်လက်ကိုင်အုံးတစ်ခု တပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။ ကိုယ်လုံးအဖို့မှာ လွယ်အိတ်စုတ်တစ်လုံး တပ်၍၊ အသည်းနှလုံးနှင့် တိုလီမိုလီ ဝမ်းတွင်းသား အဖြစ်ဖြင့် ကောက်ရိုး တစ်ဆုပ် နှစ်ဆုပ် ဖြည့်ထည့်လိုက်၏။ ဤတွင် အောက်ပိုင်းအဖို့ လုံလောက်၍ အထက်ပိုင်းအတွက်မှျသာ ကျန်လေတော့သည်။ ဒွေးသာဂိသည် ဘူးတောင်းကွဲတစ်လုံးကို ယူ၍ မျက်လုံးအပေါက် အတွက် နှစ်ခု၊ ပါးစပ်အတွက် ခပ်ကျယ်ကျယ် အပေါက်တစ်ခု ဖောက်ပြီးလျှင် နှာခေါင်းနေရာတွင် မီးသွေးခဲနှင့် ရေးခြစ်၍ ပခုံးနှစ်ဖက်အကြား၌ ချည်ထားလိုက်၏။

ဒွေးသာဂိသည် အထက်ပါ အစုအဝေးကို ကျေနပ်သော အမူအရာနှင့် ကြည့်နေပြီးနောက်၊ 'သြော် တစ်ခု လိုပါသေးကလား၊ ဦးနှောက်ရှိမှ ဉာဏ်ရှိတယ် ပြောကြတယ်၊ မဖြစ်သေးဘူး၊ ထည့်ပေးဦးမှ' ဆို၍ ခေါင်းအုံးစုတ်ထဲမှ ရှမွေလုံး မှို့တစ်ဆုပ်ကို ထုတ်ယူကာ ဘူးတောင်းထဲသို့ ထိုးသွင်းလေ၏။

'ဟား ...ဟား ... ဟား ... နေရာကျလိုက်တာ၊ ဦးနှောက်က မှို့တွေဆိုတော့ ငါ့သားကြီး သိပ်ဉာဏ်ကောင်းမှာပေ့။ နက်နဲသော အကြံအစည်များ တီထွင်နိုင်လိမ့်မယ်။ ဟီ ... ဟီ ... ဟီ ... သိပ်နေရာကျတယ်ပေ့၊ ဟား ... ဟား ... ဟား ...ဟား ...'

ဒွေးသာဂိသည် မိမိ၏လက်ရာကို ကျေနပ်စွာနှင့် ဤဘက် ဟိုဘက် လှန်လှောကာ ရှုစားနေသေး၏။ ထိုနောက် –

'တောင်းမှာ အကွပ်၊ လူမှာ အဝတ်တဲ့ကွယ့် ငါ့သားရဲ့။ ဘူးတောင်းကွဲ ခေါင်းတပ်ပြီး ကောက်ရိုးသွတ်တဲ့ လွယ်အိတ်စုတ်ကို ကိုယ်လုပ်ထားရပေမယ့် အဝတ်အစားကောင်းရင် အပေါ်က ဖုံးသွားမှာပါကွယ့်' ဟု ပြောလျက်၊ ဒွေးသာဂိသည် ထင်းရှူးသေတ္တာတစ်လုံးထဲ၌ သိမ်းထားသည့် ဒိုးပတ်မင်းသား ဝတ်သော ထိုင်မသိမ်း အင်္ကျီစုတ်ကြီးတစ်ထည်နှင့် ရုပ်သေးမင်းသားကြီး ရုပ်ဟောင်းမှ ဖြုတ်ခွာထားသော ကြယ်စီ တောင်ရှည်ပုဆိုးစုတ်ကြီးကို ထုတ်ပြီးလျှင်၊ ထင်းချောင်းများဖြင့် လုပ်ထားသော လက်မောင်း





များနှင့် ခြစ်ခုံရိုးဖြင့် လုပ်သော ခြေထောက်များတွင် ဝတ်လျှိုပေးလေ၏။ ရွာသူရွာသားများက ကြယ်စီပုဆိုးမှာ ၎င်းရွာသို့ လာရောက်ကပြ၍ လမ်းစရိတ် မရှိသော ရုပ်သေး အဖွဲ့တစ်ခုထံမှ အပေါင်ခံထားလိုက်ရသော ပစ္စည်းဖြစ်သည်ဟု ပြောကြသော်လည်း၊ ဒွေးသာဂိကမူ ဘိုးတော်ဘုရား ငယ်စဉ်က ဝတ်၍၊ ကြီးပြင်းသောအခါ၌ ၎င်း၏မိခင် အထိန်းတော်ကြီးအား ပေးသနားတော်မူခဲ့သော ဝတ်လဲတော် ပုဆိုးကလေး ဖြစ်သည်ဟု ပြောလေသည်။

ထိုနောက် ဘူးတောင်းပေါ်၌ ရွှေကျင်ခပ်ပုဝါစုတ်ကြီးများကို ခွေထိုးပေး၍ ခြေထောက်အဆုံးဖြစ်သော ခြစ်ခုံရိုးအဖျားတွင် ဒုတ်ပွဲမှ ဟသ်ာခြေနင်းစုတ်ကြီး တပ်ပေးလိုက်ရာ၊ ရွှေကျင်ခပ်ပဝါမှာ နှစ်ပရိစ္ဆေဒ ကြာရှည်လှပြီဖြစ်၍ ဆွေးမြည့်လျက် အမျှင်များ ထွက်နေသော်လည်း၊ ဒွေးသာဂိက 'ဒီပဝါမျိုးကို တောသူတောင်သား မဆိုထားနဲ့၊ ရွှေမြို့တော်ကြီးမှာ ဆင်းရဲသားတောင် ပေါင်းနိုင်တာမျိုး မဟုတ်ဘူး ငါ့သားရဲ့' ဟု ချီးကျူးသေး၏။

နောက်ဆုံး၌ ဒွေးသာဂိသည် အဝတ်အစား အပြည့်အစုံ ဝတ်ဆင်ထားသော စာခြောက်ရုပ်ကို တဲထောင့်၌ထောင်ကာ ကြည့်နေလိုက်ပုံ မျက်နှာထားသည်ကား၊ မင်္ဂလာပွဲထိုင် အခမ်းအနားသို့ သွားခါနီးတွင် မိမိ၏သားလူပျိုအား ဝတ်စားဆင်ပြင်ပေးပြီးနောက်၊ ကျေနပ်အားရစွာနှင့် အရိပ်တကြည့်ကြည့် ရှိနေသော မိခင်တစ်ဦး၏ မျက်နှာထားနှင့် တူလှပေတော့သည်။ စာခြောက်ရုပ် ကိုယ်တိုင်ကလည်း ကန့်လန့်ဖြတ် လှီးဖြတ်ထားသဖြင့် ခပ်ပြုံပြုံ ဖြစ်နေသော ၎င်း၏ပါးစပ်ကြီးမှာ၊ မိခင်၏ ပြင်ဆင်ပေးခြင်းအတွက် နှစ်သက်သဘောကျလှ၍ ပြုံးဖြဲဖြဲကြီး လုပ်နေခြင်းနှင့် တူပေတော့သည်။

'ပြုံးမယ်ဆို ပြုံးထိုက်တယ်ကွယ့် သားကြီးရဲ့၊ စာခြောက်ရုပ်တွေထဲတော့ နင် အချောဆုံးပဲကွယ့်။ တကယ်ဆိုတော့ စာခြောက်ရုပ်နဲ့တောင် မတန်ဘူးဟယ်၊ အဟုတ်ကို ပြောတယ်။ ကိုင်း ကိုင်း ပြောနေကြာရော့၊ ဆေးကလေး တစ်ဆုံလောက် သောက်ပြီး ပြောင်းခင်းထဲ သွားပို့ချဉ်းမှ တော်တော့မကိုး'



www.burmeseclassic.com

www.burmeseclassic.com



ဒွေးသာဂိသည် ဒန်တိုတွင် "သာဂိကတ်" သိပ်ထည့်ရင်း မိမိ၏ လက်ရာကို လှည့်ကြည့်လိုက်မိရာ သူ၏ အတတ်ကြောင့်ပေလော မဆိုနိုင်၊ ကိုးရိုးကားရား ပြုလုပ်ထားသော စာခြောက်ရုပ်မှာ ကြည့်ရင်း ကြည့်ရင်း အသက်သွင်းထားသော လူတစ်ယောက်နှင့် တူလာ၍၊ ၎င်း၏ မျက်နှာထားသည်လည်း လူသားအစစ်နှင့်တူအောင် ပြောင်နေခြင်းကဲ့သို့ ရွှန်းတမ်းတမ်း နောက်တောက်တောက် ဖြစ်လာလေတော့သည်။

'ပေါက်တူးရေ၊ ငါ့ဆေးအိုးဖို့ မီးတစ်ခဲ ယူခဲ့ဦးဟေ့'

ဒွေးသာဂိက ယင်းကဲ့သို့ ပြောလိုက်သည်နှင့် တစ်ပြိုင်နက် ပါးစပ်၌ ခဲထားသော ဆေးအိုးသည် ရဲတက်လာ၍ ရှေးနည်းအတူ အခိုးများ တလူလူ ထွက်လာလေတော့သည်။ ဒွေးသာဂိသည် နှစ်သိမ့်ကျေနပ်သည့် ဟန်ပန်ဖြင့် ဒန်တိုမှ ခပ်ရှည်ရှည်တစ်ချက် ဆွဲရှိုက်လိုက်ပြီးနောက် နှာခေါင်း၊ ခံတွင်းစသည့် ဒွါရပေါက်များမှ မီးခိုးများ မှုတ်ထုတ်လိုက်ရာ၊ ထရံပေါက်များမှ ဝင်လာသော နေရောင်ခြည် အတန်းများထဲတွင် ဆေးခိုးများ အလိပ်အလိပ် တက်သွားကြလေတော့သည်။ ဒွေးသာဂိသည် ဒဟတ်သားခေါက်မှဖြစ်သော မီးကျီးခဲကိုသာလျှင် မိမိ၏ဒန်တို၌ အသုံးပြုလေ့ရှိရာ၊ မည်သူက ဒဟတ်သားခေါက် မီးကျီးခဲကို ရအောင်ရှာ၍ သူ၏ဆေးတံထဲသို့ လာထည့်ပေးသည်ဟု မပြောတတ်ပေ။ ဒန်တိုကို ခဲလျက် ပေါက်တူးကို တသလိုက်သည့်အခါတိုင်း မီးကျီးခဲ ရောက်လာ၍ ဆေးအိုးမှ အငွေ့တခြောင်းခြောင်း ထွက်လာသည်ကား အမှန်ဖြစ်တော့သည်။

ဒွေးသာဂိသည် ဒန်တိုကို ဖွာရင်း မိမိ လုပ်ထားသော အလုပ်ကို ကြည့်လျက် 'အေးဟေ့ စေ့စေ့တွေးတော့ ရေးရေးမြင် ဆိုတာလို ဒီကောင်ကို နေပူမရှောင် မိုးရွာမရှောင် ပြောင်းခင်းထဲ ထားရမှာ ငါ နှမြောလာပြီဟေ့။ တန်တော့ တန်တော့ ဒီလောက်လှတဲ့ကောင်ကို ဒီအလုပ်လောက်နဲ့ အသုံးချလို့ မတော်ပေဘူး ထင်တယ်။ စုန်းကဝေ ညီလာခံ အစည်းအဝေးမှာ ဒါလောက် မနိုပ်တဲ့ အကောင်တွေနဲ့တောင် ငါ အဖော်လုပ်ခဲ့ရသေးတာကပဲ။





အေး ဟုတ်ပြီ ဟုတ်ပြီ၊ လောကမှာ သူ့လို မှို့ဦးနှောက်နဲ့ ကောက်ရိုးအသည်းနှလုံးနဲ့ လူ့အဆန်ချောင်တွေ အပုံကြီး ရှိတာကပဲ။ ဒီကောင်ကို သူတို့အထဲ လွှတ်စမ်းကြည့်ပြီး ပြိုင်စေရရင် ကောင်းလိမ့်မယ် ထင်တယ်။ ဟား ဟား ဟား ဟုတ်ပြီ ဟုတ်ပြီ၊ ဟန်ရပြီ ဟန်ရပြီ' ဆိုလျက် ဒွေးသာဂိသည် ဒန်တိုကို သုံးလေးချက် ဆက်လက်၍ ရှူရှိုက်လေ၏။

ထိုနောက်တစ်ဖန် ဆက်လက်၍–

'ဟုတ်သားပဲကိုး၊ သွားချင်ရာ သွားကြည့်၊ သူ့လို လူစားမျိုးတွေ အပုံပဲကပဲ။ ကိုင်း ကိုင်း ဒီကနေ့အဖို့မှာ ကိုယ့်အတတ်ကလေးကို ဒန်တိုမီးညှိရုံလောက် သုံးစမ်းမယ် အောက်မေ့တာ။ မဟုတ်သေးဘူးဟေ့၊ လက်စွမ်းမပြရတာလည်း အတော်ကြာပြီ။ ကိုင်း ပြောနေကြာရှေ့၊ ငါ့ကောင်ကို ငါ အသက်သွင်းမဟေ့'

ယင်းကဲ့သို့ တစ်ကိုယ်တည်း ပြောနေပြီးနောက် ဒွေးသာဂိသည် မိမိ၏ ပါးစပ်မှ ဒန်တိုကို ဖြုတ်၍ စာခြောက်ရုပ်၏ ပါးစပ်ဖြဲကြီးထဲသို့ ထိုးသွင်းလျက်၊ 'ဥုံဖွ အိမ်ကြိုအိမ်ကြား ချေးစားထွက်တဲ့ အိန့်ဒလိန့် စုန်းအပေါင်းတို့၏ ဥက္ကဋ္ဌ ချာယာမင် ပြီစီဒင်အစစ်ကြီး ဖြစ်ထသော ကျွန်ုပ် အရှင် သူယုတ် ဒွေးသာဂိ၏ အမိန့်တော်' ဟု ဆိုလိုက်သည်တွင် စာခြောက်ရုပ်လည်း လှုပ်ရှားစ ပြုလာရာ၊ 'ဖွာလိုက်စမ်းကွ သားကြီးရ' ဟု ထပ်၍ အမိန့်ပေးလိုက်ရာတွင်မူကား၊ ပါးစပ်တွင် တပ်ထားသော ဒန်တိုမှ ဖွားခနဲ အငွေ့တစ်ချက် ထွက်လာလေတော့သည်။

'အေး ဟုတ်လှပြီ၊ ဖွာလိုက်ဦးကွ၊ နောက်တစ်ချက်'

ဖွားခနဲ အငွေ့တစ်ချက် ထွက်ပြန်၏။

'နောက်တစ်ချက်ကွ'

ဖွားခနဲ ထွက်လာပြန်၏။

ယင်းကဲ့သို့ ဆက်ကာဆက်ကာ တစ်ဒါဇင်ခန့်မျှ အမိန့်ပေးလိုက်ရာတွင်မူကား၊ စာခြောက်ရုပ်သည် အလိုအလျောက် ဆက်လက်၍ ရှူဖွာနေ



www.burmeseclassic.com

www.burmeseclassic.com



တော့လေရာ၊ 'ရှိုက်ကွနော် ရှိုက်ချလိုက်၊ ရှိုက်နိုင်သရွေ့ မင့်အသက် ပြင်းလာလိမ့်မယ်' ဟု ဒွေးသာဂိက အားပေးသည့်အတိုင်း၊ စာခြောက်ရုပ်၏ ပါးစပ်ပေါက်မှ ရှိုက်သွင်းသော မီးခိုးများသည် မျက်လုံးပေါက်များမှပင် ထွက်လာကြတော့သည်။ ထိုအချိန်၌ကား ဒန်တိုမှ ထွက်လာသော မီးခိုးများသည် ဒွေးသာဂိ၏ တဲကလေးသို့ ဟိုးဝင်သော နေရောင်ခြည်အတန်းများတွင် တလူလူ တလိမ့်လိမ့် တက်ကြွနေပြီ ဖြစ်သောကြောင့်၊ တဲပြင်မှ ကြည့်နေသူရှိခဲ့လျှင် တဲကို မီးလောင်နေသည်ဟု ထင်မှတ်ဖွယ်ရာ ရှိ၏။ သို့ရာတွင် ဒွေးသာဂိ၏ တဲမှာ ရွာ၏ အစွန်အဖျား ချောက်ထဲတွင် ရှိနေသောကြောင့် မည်သူကမျှ ဂရုစိုက်၍ ကြည့်နေမည် မဟုတ်ချေ။

ထိုအတောအတွင်း၌ ထင်းချောင်းဝွင် ထိုင်မသိမ်းဖုံးထားသော လက်မောင်းများ၊ လွယ်အိတ်တွင် ကောက်ရိုးသိပ်ထားသည့် ကိုယ်လုံးနှင့် ခြစ်ခုံလက်ကိုင်တစ်ဖက်၊ ထွန်ခြစ်တစ်ဖက် လုပ်ထားသော ခြေထောက်များသည် လေထိုးသွင်းလိုက်သော တာယာများကဲ့သို့ ဖောင်းဖောင်းပွပွ ဖြစ်လာ၍၊ ဘူးတောင်းကွဲတွင် တော်သလို ခြယ်ထားသည့် မျက်နှာလည်း လူသား၏ မျက်နှာကဲ့သို့ မျက်နှာထားနှင့်တကွ ဖြစ်ပေါ်လာတော့သည်။

ဒွေးသာဂိသည် အုန်းမှုတ်ခွက်ထဲမှ ဆေးမှုန့်ကို ဒန်တိုထဲသို့ ဖြည့်စွက် ထည့်ပေးလျက် 'ရှိုက်လိုက်စမ်းကွ မေ့သားကြီး၊ ဟုတ်ပြီ ဟုတ်ပြီ၊ ကြိတ်လိုက်ကွ သောက်လိုက်ကွ' စသည်ဖြင့် အားပေးတိုက်တွန်းသည့် အတိုင်း၊ ပါးစပ်ပေါက်ထဲမှ မီးခိုးများ အဆက်မပြတ် ရှူကယ် ရှူကယ် ထွက်လျက်ရှိတော့သည်။

ဒွေးသာဂိသည် တစ်ခဏထက် တစ်ခဏ လူနှင့်တူလာသော မိမိ၏ လက်ရာကို လက်ခုပ်လက်ဝါးတီးကာ ဝမ်းမြောက်ဝမ်းသာကြည့်ရာမှ လက်နှစ်ဖက်ကို ရှေ့သို့ ဆန့်တန်းလျက် 'လာခဲ့ပါတော့လားကွယ်၊ အမေ့ဆီကို လှမ်းခဲ့ပါလားကွယ့် လူကလေးရဲ့။ လာခဲ့လေကွယ်၊ ငါ့သား လူလုပ်စရာတွေ အများကြီး ရှိသေးတယ်ကွယ့်။ လာခဲ့ပါ၊ ရဲရဲ လှမ်းခဲ့ပါ' ဟု ခေါ်လိုက်သည်





တွင် စာခြောက်ရုပ်သည် ဒယီးဒယိုင်နှင့် ရှေ့သို့ ခြေတစ်ချက် လှမ်းလိုက်လေတော့သည်။ 'အေး ဟုတ်လှကပြီ၊ တိုးခဲ့ဦးကွယ့် တစ်လှမ်း' ဟု ပြောသည်နှင့် နောက်ခြေတစ်လှမ်း လှမ်းလိုက်ရာတွင် လဲတော့မည်ကဲ့သို့ ဟပ်ထိုး ဖြစ်သွားပြီးမှ တစ်ဖန် ဟန်နိုင်တော့သည်။ 'သတိထားကွယ့် ငါ့သား၊ ဖြည်းဖြည်း လုပ်ကွယ့်၊ အရင်မလိုနဲ့ကွယ့်နော်' စသည်ဖြင့် ဒွေးသာဂိက သတိပေးရ၏။ ခြစ်ခုံတစ်ဖက်၊ ထွန်ခြစ်တစ်ဖက်တွင် ဟသ်ာဖိနပ် စီးပေးထားသော စာခြောက်ရုပ်အဖို့မှာ ဤမျှလောက် လှမ်းနိုင်လျှင်ပင် တော်ပါပေပြီ။ ဒွေးသာဂိ၏ အတတ်ပင်လော၊ စိတ္တိဒ္ဓိပ္ပါဒ်ခေါ် "ဝိလ်ပါဝါ" စိတ်တန်ခိုး ထက်သန်ခြင်းပေလော မပြောတတ်။ တုတ်ချောင်းများ၊ ကောက်ရိုးများနှင့် အဝတ်စုတ်များ၏ အစုအဝေးမျှသာ ဖြစ်သော စာခြောက်ရုပ်သည် ဒွေးသာဂိက အဟုတ်တကယ်လုပ်၍ စိတ်အားထက်သန်စွာနှင့် ခေါ်ယူတိုင်း ခြေတစ်လှမ်းပြီး တစ်လှမ်း လျှောက်လာရတော့သည်။

နောက်ဆုံး၌ စာခြောက်ရုပ်သည် ချောင်ထဲမှ ထွက်လာ၍ နေရောင်ခြည် တန်းလျက်ရှိသော နေရာသို့ ရောက်လာသောအခါ ထင်းချောင်း၊ တုတ်ချောင်းနှင့် ဘူးတောင်းတို့ကို အဝတ်စုတ်များ ဖုံးထားသည့် အစုအဝေးပေါ်သို့ အလင်းရောင် ကျရောက်သည်နှင့် စာခြောက်ရုပ်ကိုယ်တိုင်က မိမိ၏ ဘာမဟုတ်သော အဖြစ်ကို တွေ့မြင်ရသည့် လက္ခဏာနှင့် အကြီးအကျယ် အားငယ်ကာ ကြမ်းပေါ်သို့ ထိုးလဲသွားတော့မည်ကဲ့သို့ ဖြစ်သွား၏။ ဒွေးသာဂိသည် ထိုအခြင်းအရာကို မြင်ရ၍ ဤမျှလောက် သူရဲဘော နည်းရချေသလောဟု ဒေါသတကြီးနှင့် ...

'သယ် တုတ်ခနောင်းနဲ့ အဝတ်စုတ်တွေ စုထုပ်ပြီး လုပ်ထားတဲ့ ငပါမွှားကောင်က လူလုပ်လို့ ရှုံ့သလေး ရှက်သလေး လုပ်နေသလား။ ဟဲ့ ကောက်ရိုးထုပ်၊ ဟဲ့ အဝတ်စုတ်၊ ဟဲ့ တုတ်ခနောင်း၊ ဟဲ့ ထင်းချောင်း၊ ဟဲ့ လက်ကိုင်ရိုး၊ ဟဲ့ ဘူးတောင်းကွဲ၊ နင်က လူလူသူသူ လုပ်လို့ လဲမလိုလို ကွဲမလိုလို လုပ်နေရသလား။ ရှိုက်ပါတော့လားဟဲ့ ငါ့ ဒန်တို၊ ရှူပါတော့လား



www.burmeseclassic.com

www.burmeseclassic.com



ဟဲ့ ငါ့ ဆေးအိုး။ အဲ အဲ ရှိုက်ဟဲ့ ရှူဟဲ့၊ အဲဒါ နင့်အသက်ငွေ့၊ နင့် ဇီဝါငွေ့၊ နင့် ခွန်အား၊ နင့်သွေးကြော။ ရှူဟဲ့ ရှိုက်ဟဲ့၊ ကြပ်ကြပ်ရှိုက်။ အဲ...အဲ...အဲ'

ယင်းကဲ့သို့ ငေါက်ချည်တစ်ခါ၊ ချော့ချည်တစ်လှည့်ဖြင့် ဒွေးသာဂိက အမိန့်ပေးသည့်အတိုင်း စာခြောက်ရုပ်က လိုက်နာရှူရှိုက်သည်တွင် ဒန်တိုမှ ထွက်လာသော ဆေးခိုးတို့ဖြင့် တစ်တဲလုံး မှောင်မတတ် ဖြစ်သွား၍၊ စာခြောက်ရုပ် ကိုယ်တိုင်မှလည်း ရဲရဲတင်းတင်း ဖောင်းဖောင်းပွပွ ဖြစ်လာပြီး လျှင် ဝတ်ဆင်ထားသော တန်ဆာပလာများသည် အဟောင်းအနွမ်း အစုတ် အပြတ်အဖြစ်မှ သစ်လွင်တောက်ပြောင် လာလေတော့သည်။ အပေါက် သက်သက်မျှသာဖြစ်သော စာခြောက်ရုပ်၏ မျက်လုံးများသည်ပင် မျက်ကွင်း မျက်ရစ်၊ မျက်ခုံး မျက်တောင်များနှင့် ဖြစ်လာ၍ ပေကလပ် ပေကလပ်နှင့် ဒွေးသာဂိကို ကြည့်နေတော့သည်။

'ဟုတ်ပြီ၊ နင်တော့ လူသွေးလူမွေး ပေါက်လာပြီ။ အသံပီဖို့ လို တော့တယ်။ ကိုင်း ရသေ့ရှစ်သောင်း ဆရာကောင်းတို့အမိန့်နဲ့ စကားပြော စေသား'

စာခြောက်ရုပ်၏ ပါးစပ်ပေါက်သည် အနည်းငယ် ပြဲထွက်လာ၍ အသံလိုလို တစ်ချက် မြည်လိုက်သည်ဟု ထင်ရ၏။ သို့သော် စကားပြော သည့် အသံပေလော၊ သို့တည်းမဟုတ် ဆေးငွေ့များ မှုတ်ထုတ်သည့် အသံ ပေလော မသဲကွဲလှပေ။ နောက်တစ်ခဏာ၌မူ ပီသသည်ထက် ပီသလာ၍ အစ်တစ်တစ် ရှိသောအသံဖြင့် 'နိုင်တိုင်း သိပ်မခိုင်းပါနဲ့ အမေကြီးရယ်။ စကားပြောခိုင်းတာ ဟုတ်ပါရဲ့၊ ဉာဏ်မရှိဘဲနဲ့ ဘယ်လိုလုပ် ပြောရမလဲ အမေကြီးရဲ့'

'သယ် နင့်မှာ ဉာဏ်မရှိဘူးလား'

'ဘယ်က ဉာဏ်ရှိရမှာလဲ အမေကြီးရဲ့၊ ကျွန်တော့်ခေါင်းထဲမှာ မှို့တွေ ချည်းပဲ'

'ဟား ဟား ဟား ဟား နင်ကမှ ခေါင်းထဲမှာ မှို့ရှိသေးတယ်။





လောကမှာ တချို့လူတွေ ခေါင်းထဲမှာ ဘာအဆန်မှ မရှိဘဲနဲ့ နိုင်ငံရေး လိုက်သူတွေလိုက်၊ အမတ်ဖြစ်လို ဖြစ်၊ ဝန်ကြီးဖြစ်လို ဖြစ်၊ ပြောလိုက်တဲ့ စကားဆိုလည်း ဖောင်ဖွဲ့လို့။ မကြောက်ပါနဲ့ သားရယ်၊ အမေ သင်ပေး ပါ့မယ်။ ဘာအဓိပ္ပာယ်မှ မရှိပေမယ့် တစ်ရက် နှစ်ရက် ဆယ်ရက်ပြောလို့ မကုန်နိုင်အောင် ပြောတဲ့ နည်းမျိုးလည်း ငါ သင်လွှတ်လိုက်ပါမယ်။ ဘာမှ မစိုးရိမ်နဲ့၊ လောကကြီးထဲကို ထွက်ပြီး လူချင်း ပြိုင်ချေရမယ်။ နားလည်လား၊ ငါ့သား လူကလေး'

'ဖြစ်မထင်ပေါင် အမေရယ်၊ သူတို့ကိုယ်က လှတယ်ဗျ'

'ဟဲ့ လူကလေး၊ နင် မိုက်လှပါကလား၊ လှတာ ဘာလုပ်ဖို့လဲဟဲ့။ သူတို့ကိုယ်က နှပ်ချေးနဲ့၊ မျက်ချေးနဲ့၊ နဖာချေးနဲ့။ အပေါက်တွေ ဆိုသမျှ ချေးတွေနဲ့ချည်းပဲ။ နင့်အပေါက်က ဘာချေးမှ မထွက်ဘူး၊ စင်လို့ ပြောင်လို့။ ပြီးတော့လည်းပဲ သူတို့ကိုယ်က သေပြီးရင် ပုပ်စော်နံလို့ ဘယ်သူမှ မကပ်နိုင် ဘူး၊ ငါ့သားကိုယ်က ဘယ်တော့သေသေ၊ ပုပ်လား သိုးလား မရှိဘူးမဲ့'

'အမေပြောတာ ဟုတ်ပါရဲ့၊ သူတို့က ခွန်အားရှိတယ်ဗျ'

'ဟုတ်ရိုးလား သားရယ်၊ သူတို့ကျောမှာ အရိုးကြီးဟဲ့၊ မတော်တဆ ကျိုးသွားနိုင်တယ်။ နင့်ကျောရိုးက ဖားကောင်ရေ တစ်သောင်းကျော် တခွပ်ခွပ် ရိုက်လို့ မကျိုးခဲ့တဲ့ ဝါးရင်းတုတ်ကြီးဟဲ့'

'ဒါဖြင့် ကျွန်တော် စကားပြောတော့ ဘာပြောရမလဲ အမေ'

'ဟုတ်လှပါ ခင်ဗျာ၊ မှန်လှပါ ခင်ဗျာ၊ အမိန့်အတိုင်းပါ ခင်ဗျာ၊ အဲဒီလို စကားလုံးတွေသာ ရေလဲနဲ့သုံးနေ၊ ရန်သူ မရှိနိုင်ဘူး။ အထက် လူကြီးနဲ့ ပေါင်းမိလို့ ကံကောင်းရင် ရာထူး ရနိုင် တိုးနိုင်တယ်။ နားလည် လား၊ မှတ်မိလား'

'မှန်လှပါ အမေ၊ ကျွန်တော့်နှလုံးသားထဲမှာ စွဲထားပါတော့မယ်'

'အောင်မယ် တယ်လာတဲ့ ဘူးတောင်းပါကလားဟေ့။ သူ့ရင်ဘတ် ထဲမှာ ကောက်ရိုးထည့်ပေးထားတာတောင် နှလုံးသားတွေ ဘာတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



တော်ပါပေ့ကွယ်။ ရင်ဘတ်ပေါ် လက်တင်ပြီး ခေါင်းကလေး ညွတ်လိုက်ပါဦးလားကွယ့်’

စာခြောက်ရုပ်လည်း လက်ဝဲဘက် ရင်ဘတ်ပေါ်တွင် လက်တစ်ဖက်တင်ကာ ဦးညွတ်လိုက်ရာ၊ ဒွေးသာဂိမှာ တက်သွားတော့မတတ် ရယ်မောလေ၏။

၎င်းနောက် ဒွေးသာဂိသည် အလွန်ကြည်လင်ရွှင်ပျသော မျက်နှာထားနှင့် မိမိ ဖန်ဆင်းသော စာခြောက်ရုပ်အား ဩဝါဒစကားများ မှာကြားသွန်သင်နေ၏။ လောကကြီးသို့ထွက်၍ လူချင်း ယှဉ်ပြိုင်ရမည့် ကိစ္စတွင် မောင်စာခြောက်မှာ လူတစ်ရာ တစ်ထောင် အနက်တွင်မှ တစ်ယောက်တလေ မျှလောက်သာ မိမိထက် အရည်အချင်း သာလွန်သောသူ တွေ့ဖို့ရှိကြောင်း၊ ဥစ္စာဓနဲ အရာဌာနဥ္စမှု အကြွယ်ဝဆုံးသော လူများနှင့် ပခုံးချင်းယှဉ်နိုင်အောင် လက်ဖွဲ့လိုက်မည် ဖြစ်ကြောင်း၊ လက်ဖွဲ့မည့် ပစ္စည်းများမှာ အာဖရိကတိုက် ကင်ဘာလီစိန်တွင်း ၃ တွင်း၊ မိုးကုတ်မြို့မှ ပတ္တမြား ၅ တွင်း၊ ရေနံချောင်းမှ ရေနံ ၁၀ တွင်း၊ မိုးကောင်းမြို့မှ ကျောက်စိမ်းတွင်း ၁၀ တွင်း၊ တွင်းငယ်မှ နီလာ ၁၀ တွင်း၊ ထားဝယ်မှ ဝူဖရမ်သတ္တုတွင်း ၁၀ တွင်း၊ ပသျှူးကျွန်းဆွယ်မှ ရော်ဘာခြံကြီး ၅ ခြံ၊ အာရေဗျ သဲကန္တာရထဲ၌ မြေဧက တစ်သိန်း၊ လေထဲ၌ တိုက်ခံအိမ်ကြီး ၁ လုံး၊ မြောက်ဝင်ရိုးစွန်းမှ အသည်းအေးအေးစားရန် ရေခဲတုံးကြီးများ၊ နိုင်ယာဂရာ ရေတံခွန်မှ ဓာတ်အားအလိုရှိ၊ ဟိမဝန္တာတောင်မှ လမ်းခင်းသည့် ဂဝံကျောက် တန် ၁ သိန်း စသည်တို့ ဖြစ်လေသည်။ ရွှေတွင်းမှ တူးဖော်ရန် ရတ်တရက် မဖြစ်နိုင်ဆို၍ အလွယ်တကူ နှိုက်ယူသုံးစွဲနိုင်ရန်အတွက် စစ်ကြီးအတွင်းက အတ္တလန္တိတ် သမုဒ္ဒရာထဲ၌ ရေမြှုပ် လက်နက်ထိမိ၍ နစ်မြုပ်သည့် ဘူလယံ ရွှေတုံးတင်သင်္ဘောကြီး သုံးစင်းမှ ရွှေများကိုလည်း အဆစ်ထည့်လိုက်လေသေးသည်။ လက်ငင်းကိစ္စ ပေါ်ပေါက်၍ သုံးစွဲရန်အတွက်ကိုလည်း ပေးဦးမှ တော်မည်ဆို၍ ဒွေးသာဂိသည် မိမိ၏ အင်္ကျီခါးထဲသို့ နှိုက်စမ်းသည်တွင်





အလွန် ပွန်းနေသဖြင့် မုန့်တီသည်က ငြင်းခဲ့သည့် ရှေး ငွေမူးစေ့ကလေး တစ်စေ့ တွေ့သဖြင့် လက်ထဲသို့ ထည့်ပေးလိုက်၏။ ထို့ပြင် သံတိုမယ်န ဖွန်းကျိုး ဖလားကွဲသည်လာသော တစ်နေ့၌ ဆီနှင့် လဲလှယ်မည်ဟု ထန်းခေါက်တောင်းထဲ၌ ထည့်ထားသော ကြေးဝါဇွန်းကျိုးတစ်ချောင်းနှင့် ရေသောက် ကြေးဖလားကွဲ တစ်လုံးကိုလည်း တဘက်ကလေးနှင့် ထုပ်၍ ‘ကိုင်း ရော့ ငါ့သား၊ ဒီပစ္စည်းကို ထုခွဲပြီး ကမ္ဘာကို လှည့်မယ်ဆိုရင် လေယာဉ်ပျံနဲ့ သွားမလား၊ သုံးပင်တိုင်ကြီးနဲ့ သွားမလား၊ လုံလောက်တယ် မောင်ရေ့’ ဟု ဆိုကာ မောင်စာခြောက်သို့ ပေးအပ်လိုက်တော့သည်။

၎င်းပြင် မောင်စာခြောက် သွားရောက်မည့် မြို့တော်ကြီး၌ မိမိ၏ သားတော်မောင် မျက်နှာ မငယ်ရစေခြင်းငှာ ဒွေးသာဂိသည် မြို့ဝန်ထံသို့ အထိမ်းအမှတ်တစ်ခု ပေးအပ်လိုက်၏။ ၎င်းအထိမ်းအမှတ်မှာ အခြား မဟုတ်။ မြို့တော်ဝန်၏ နားသို့ ချဉ်းကပ်၍ စကားတစ်ခွန်းတည်း ပြောရန် ဖြစ်လေရာ၊ ပြောရမည့် စကားတစ်ခွန်းကိုလည်း ဒွေးသာဂိက မောင်စာခြောက်အား တီးတိုး မှာထား ပြောပြလိုက်လေသည်။

‘မြို့ဝန်ဦးရွှေအိုးက တော်တော်ကြီးသွားပြီ။ နို့ပေမဲ့ ငါပြောထားတဲ့ စကားလုံးကို တိုးတိုးကလေး ကပ်ပြောလိုက်ရင် သားကြီးအတွက် ဘာမဆို ဆောင်ရွက်ပေးပါလိမ့်မယ်။ ဘာမှ အားမငယ်နဲ့ ကြားလား။ ဦးရွှေအိုးကို အမေက ကောင်းကောင်းသိတယ်၊ အမေ့ကိုလည်း ဦးရွှေအိုးက ကောင်းကောင်း သိတယ်။ မကြောက်လေနဲ့ နားလည်လား’

မောင်စာခြောက်လည်း ဦးခေါင်းညိတ်၍ ပြရာတွင် ဒွေးသာဂိက ဆက်လက်၍ ‘နားထောင်ဦးကွယ့် ငါ့သား၊ မြို့တော်ဝန် ဦးရွှေအိုးမှာ သမီးချော တစ်ယောက် ရှိလေရဲ့။ ငါ့သားကလည်း လူချော၊ စကားတတ်ဆိုတော့ ရှေ့သွား နောက်လိုက် ညီလှသပကွယ်။ ဟဲ ဟဲ ဟဲ ဟဲ အခုနေတော့ ငါ့သားက မင်းကိုယ်မင်း အထင်သေးဦးမပါ့ကွယ်။ နို့ပေမဲ့ လောကကြီးထဲ ရောက်လို့ ဟိုလူ့ဒီလူတွေနဲ့ ဆက်ဆံကြည့်တဲ့ အခါကျတော့ မင်းကိုယ်



www.burmeseclassic.com

www.burmeseclassic.com



မင်း မညှိဘူးဆိုတာ သိလာပါလိမ့်မယ်။ ဟဲ ဟဲ ဟဲ ဟဲ မင့်ထက်သာတဲ့လူ ခပ်ရှားရှား တွေ့ရမှာပါကွယ့်၊ အမေပြောတာ ယုံကြည်ပါ။ မင့်ရုပ်မင့်ရည်နဲ့၊ မင့်အရည်အချင်းနဲ့ ဆိုတော့ မြို့ဝန်သမီးက သဘောကျမှာပါကွယ့်။ ဘာမှ ယုံမှားသံသယ မဖြစ်လေနဲ့၊ အမေပြောသလို ဖြစ်လိမ့်မယ်။ မျက်နှာထား ရှဲရဲတင်းတင်း၊ ကိုယ်ဟန် လက်ဟန် မာန်ပါပါနဲ့ ရင်ဘတ်ကလေးကော့၊ ခါးကလေးထောက်၊ ခြေကလေး ရှေ့ပစ်တဲ့ပြီး ခေါင်းကလေး ညိတ်လိုက်ရင် မြို့ဝန်သမီးက အလိုလို ပြိုကျလာမှာပါ ငါ့သားရဲ့'

ထိုအတောအတွင်း၌ မောင်စာခြောက်သည် ဒွေးသာဂိ ပေးထားသည့် ဒန်တိုကို တစ်သက်လုံး ဆေးတံသောက်လာခဲ့ပြီးနောက် အကြောင်းတစ်စုံ တစ်ခုကြောင့် မသောက်ရဘဲ ဝေ်ပြတ်နေခဲ့၍ ယခုမှ ဆေးအိုးနှင့် ပြန်တွေ့ရ သည့် ဆေးတံအစွဲသမားတစ်ယောက်သဖွယ် မြိန်ရေရှက်ရေ အားရပါးရ တစ်ဖွာပြီးတစ်ဖွာ မရပ်မနားဘဲ တရစပ် ရှူရှိုက်လျက် ရှိလေတော့သည်။ တစ်ချက်တစ်ချက်တွင် ဆေး၏အရသာကို ခံစားနေရသည့် အသွင်ဖြင့် မျက်လုံးများမှိတ်လျက် မှိန်းနေလိုက်ချေသေး၏။ မောင်စာခြောက်၏ ပြုမူပုံ မှာ လူသားအစစ်တစ်ယောက်၏ အမူအရာနှင့် အံ့ဩလောက်အောင် တူနေ ခဲ့လေပြီ။ ဒွေးသာဂိ မှာထားသော စကားများကို စိတ်ဝင်စားဟန် နားထောင် လျက်ရှိစဉ် မောင်စာခြောက်သည် ဦးခေါင်းညိတ်သင့်သော အခါ၌ ညိတ်၍၊ ရမ်းသင့်သော နေရာများ၌ ယမ်းခါပြဖော် ရခဲ့လေပြီ။ ထိုမျှမကသေး နှုတ်ဖြင့် လိုက်၍ ဆိုသင့်သော နေရာများ၌ 'မှန်လှပါ ခင်ဗျာ'၊ 'ဟုတ်ကဲ့ အမေ'၊ 'တယ်ဆိုတဲ့ စာပဲ'၊ 'သြော် သြော်'၊ 'ဟုတ်ကဲ့လား အမေရယ်'၊ 'နိပ်ပါ ပေ့ဗျာ' စသော အာမေဍိတ် စကားလုံးများဖြင့် နှစ်သက်သဘောကျခြင်း၊ ယုံမှားသံသယဖြစ်ခြင်း၊ အံ့ဩခြင်း၊ သဘောတူခြင်း၊ ကန့်ကွက်ခြင်း စသော အဓိပ္ပာယ်တို့ကို အချက်ကျ၍ ဆီလျော်အောင် ဖော်ပြလျက် ရှိလေပြီ။ တစ်စုံ တစ်ယောက်သော သူသည် ထရံပေါက်မှ ချောင်းကြည့်မိသဖြင့် မောင် စာခြောက်၏ ပြုမူပြောဆိုပုံများကို မြင်ရပါလျှင် ဤစာခြောက်ရုပ်ကား





ဒွေးသာဂိ သွန်သင်မှာထားသော သြဝါဒစကားများကို အားလုံး နားလည် သည် ဟူ၍ မှတ်ထင်မိပေလိမ့်မည်။ မောင်စာခြောက်သည် ဒန်တိုမှရသော အငွေ့အခိုးများကို ကြာရှည်စွာ ရှိုက်ရှူလေလေ ၎င်း၏ရုပ်လက္ခဏာများ သည် လူသားစင်စစ်နှင့်တူလေ ဖြစ်လာခဲ့ပြီးလျှင် မျက်နှာထားသည်လည်း ပါးနပ်လိမ္မာသောအသွင် ဖြစ်လာ၍၊ အသံမှာလည်း ပီသသည်ထက် ပီသလာ တော့သည်။ ကိုယ်၌ ဝတ်ထားသော တောင်ရှည်ပုဆိုး၊ ဦးခေါင်း၌ ပေါင်း ထားသော ရွှေကျင်ခပ်ပဝါ၊ ခြေထောက်၌ စွပ်ထားသော ဟသ်ာခြေနင်း တို့မှာလည်း ဟောင်းနွမ်းစုတ်ပြတ်ခြင်း မရှိတော့ဘဲ ယခုမှ ချုပ်လုပ်ပြီးခါစ အသစ်ကျပ်ချွတ်သဖွယ် အရောင်တဖိတ်ဖိတ်တောက်လျက် ရှိကြလေပြီ။ ပါးစပ်ပေါက်ထဲသို့ ထိုးသွင်းထားသည့် စဥ့်အိုးကို ပါးရိုးတပ်ထားသော ဒန်တိုစုတ်ကြီးသည်ပင်လျှင် ပယင်းရိုးတပ်၍ ရွှေကွပ်ထားသည့် ရေမြှုပ် ဆေးတံ ဖြစ်လာခဲ့လေပြီ။

မောင်စာခြောက်သည် ဆေးအခိုးအငွေ့ကို ရှူရှိုက်နေရသည့် အတော အတွင်း၌သာလျှင် ဤသို့သော တန်ခိုးသတ္တိများရရှိ၍၊ ဆေးအိုးထဲ၌ရှိသော ဆေးသည် ပြာဖြစ်သည်နှင့် တစ်ပြိုင်နက် အဆိုပါ သတ္တိထူးများ ကွယ်ပျောက် သွားလိမ့်မည်ဟု စိုးရိမ်ဖွယ် ရှိ၏။ ဒွေးသာဂိသည်လည်း ဤအခြင်းအရာကို ကြိုတင်သိမြင်ထားပြီး ဖြစ်သည်နှင့် ...

'နေပါဦးကွယ့် ငါ့သား၊ မင့်ဆေးအိုးကို ဆေးဖြည့်ပေးဦးမယ်' ဟု ဆိုကာ ဒွေးသာဂိသည် ပါးစပ်ပေါက်ရှိသော ဒန်တိုကို နုတ်ယူ၍ ပြာများ ကို ခါထုတ်ပြီးလျှင် အုန်းမှုတ်ခွက်မှ ဆေးမှုန်များ ထည့်ပေးနေသည့် အခိုက်၌၊ မောင်စာခြောက်သည် အခံ့စား ဝတ်ဆင်ထားသော လူချောလူလှ တစ်ယောက် အဖြစ်မှ တုတ်ချောင်းနှင့် ဘူးတောင်းကွဲ အစုအဝေးအဖြစ်သို့ ပြောင်းလဲသွားပုံမှာ မြင်သူရှိခဲ့လျှင် နှမြောလောက်ပါပေသည်။ ဒွေးသာဂိ သည် ဆေးအိုးထဲသို့ ဆေးမှုန်သိပ်ထည့်၍ ဒန်တိုကို ပါးစပ်ပေါက်ထဲသို့ ထိုးထည့်ပေးပြီးနောက်...



www.burmeseclassic.com

www.burmeseclassic.com



'ပေါက်တူးရေ၊ ဆေးအိုးဖို့ မီးယူခဲ့ဟေ့'

နောက်တစ်ခဏ၌ ဆေးအိုးထဲတွင် ရဲရဲနီသော ဒဟတ်သားခေါက် မီးကျီးခဲတစ်ခဲ ရောက်လာလေရာ၊ မောင်စာခြောက်သည် နားလည်ပြီး ဖြစ်သည့် လက္ခဏာနှင့် ဒွေးသာဂိက ဖွာဖို့ အမိန့်ပေးခြင်းကိုပင် မစောင့်တော့ဘဲ အလိုအလျောက် ဖွာရှူလေတော့သည်။ အရှိန်မရသေးမီ ပထမ၌ ဆောင့်၍ ဆောင့်၍ ဖွာလိုက်ပြီးနောက်၊ အရှိန်ရလာသော အချိန်တွင် ဖားဖိုထိုးခြင်းကဲ့သို့ တစ်ချက်ချင်း မှန်မှန်ကြီး ဆွဲတော့သည်။

'ကိုင်း ချစ်သား မောင်စာခြောက်၊ အမေ တစ်ခု မှာလိုက်မကွယ့်နော်၊ သတိထား မှတ်သွားလေ။ ဘယ်လိုအဖြစ်ရောက်ရောက် ဘာနဲ့တွေ့ရတွေ့ရ ဆေးတံကိုရှူဖို့ မမေ့နဲ့နော်၊ ငါ့သား ကောင်းကောင်းသတိပြုကွယ့်၊ မင့်အသက်ဟာ ဆေးတံထဲမှာ တည်နေတယ်နော်။ ဒီပြင်ဟာတွေ မင်း မသိတာတောင် ဒါတစ်ခုတော့ မင်း သိတယ်ဟုတ်လား၊ ဒန်တိုကို ဘယ်အခါမှ လက်မလွှတ်စေနဲ့ကွယ့်။ ကြပ်ကြပ်ဖွာ၊ ကြပ်ကြပ်ရှူ၊ ကြပ်ကြပ်ရှိုက်လေကွယ့်။ အငွေ့ တခြောင်းခြောင်း ထွက်နေအောင် အမြဲသောက်နေ ကြားလား။ သူများတကာက မေးကြမြန်းကြရင် ကျန်းမာရေးအတွက် ဆရာဝန်က သောက်ရမယ် ဆိုလို့ သောက်ရတယ် ပြော။ ပြီးတော့ တစ်ခု မှတ်သွားဦးဟေ့၊ ငါ့သား ဆေးအိုးထဲမှာ ဆေးကုန်ခါနီးပြီ ဆိုမှဖြင့် ချောင်တစ်ချောင်သွား၊ ဗိုက်ပြည့်အောင် တစ်ချက် ရှိုက်သွင်း။ ပြီးတော့မှ "ပေါက်တူးရေ ဆေးတစ်ဆုံစာ ယူခဲ့ဟေ့၊ ပေါက်တူးရေ ဆေးအိုးဖို့ မီးကျီးခဲတစ်ခဲ ယူခဲ့ဟေ့" လို့ ပြောလိုက်။ ဆေးရော၊ မီးခဲရော ချက်ချင်း ရောက်လာလိမ့်မယ်။ ရောက်ရောက်ချင်း သောက်လိုက်နော်၊ နို့မဟုတ်ရင် သူဌေးသား လူချောကလေး အသွင်ပျောက်ပြီး အဝတ်စုတ်ဖုံးထားတဲ့ ကောက်ရိုးထုပ်နဲ့ တုတ်ခနောင်းပေါ် ဘူးတောင်းဆင့်ထားတဲ့ ဇာတိရုပ် ပေါ်လာလိမ့်မယ်။ ကိုင်းသွားပေတော့ အမေ့သားကြီး၊ ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေကွယ်'

ထိုအခါ မောင်စာခြောက်က ဖွာထားသော ဆေးငွေ့ကို ခေါင်းတိုင်





ပမာ တစ်ချက်မှုတ်ထုတ်လျက် မာနသံပါပါ၊ လေသံခပ်မာမာနှင့် 'မစိုးရိမ်ပါနဲ့ အမေ၊ လူပေါ်လူဇော် ဖြစ်လာအောင် လုပ်ပြပါ့မယ်၊ စောင့်လို့သာ သတင်း နားထောင်နေပါတော့' ဟု ပြန်ပြောသေး၏။

'ဟား ဟား ဟား ဟား၊ နေရာကျလိုက်လေကွယ်၊ ငါ့သား ပြောလိုက် ပုံကလေး အားရှိသဟေ့။ လူပေါ်လူဇော် လုပ်မယ်တဲ့၊ ဒီစကားလုံးသူ ဘယ်က ရပါလိမ့်၊ ဒီစကား သုံးတဲ့ စာအုပ်ရှင်တော့ဖြင့် လူပေါ်လူဇော်ဖြစ်သွားပေတာပဲ လူရေ့။ မင်းလည်းပဲ သူဖြစ်သလို ဖြစ်မယ်ဆို အမေဝမ်းသာသပေါ့ကွယ်။ သူလည်း ခြေနှစ်ချောင်းနဲ့ ခေါင်းတစ်လုံး၊ ငါ့သားကြီးလည်း ခြေနှစ်ချောင်းနဲ့ ခေါင်းတစ်လုံး ဘောက်မဲ့ မဖြစ်ရမလဲဟေ့။ မဖြစ်ဘူးလို့ ဘယ်သူက ပြောဝံ့သလဲ၊ ပြောဝံ့တဲ့လူ ငါ တွေ့စမ်းချင်တယ်၊ ဒွေးသာဂိတဲ့ကွယ့်နော်၊ လူစင်စစ်က မျောက်ဖြစ်သွားအောင် ပြုစားပစ်လိုက်မယ်၊ နှယ်နှယ်မှတ်သလား။ ကိုင်း ကိုင်း ပြောနေကြာရော့ ထွက်ပေတော့ ငါ့သား၊ ရော့ အမေ့ တောင်ဝှေးကလေး ကိုင်သွားလိုက်ဦး။ လက်ချည်းထဲတော့ ဂိုက်ဆိုက် မပြည့်ဘူး ပြောကြလိမ့်မယ်၊ ရော့ ယူသွား'

ဒွေးသာဂိသည် ဆစ်တိုဝါးဖြင့် ပြုလုပ်ထားသော တောင်ဝှေးကို မောင်စာခြောက်၏ လက်သို့ ပေးလိုက်ရာ၊ တောင်ဝှေးသည် မောင်စာခြောက်လက်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် မိုးကြိုးကွပ်သည့် ချယ်ရီတုတ်ကောက်ဖြစ်လာလေ၏။

'ဟဲ့ နေဦး၊ နင့်နာမည်ကို လူများမေးရင် ဘယ့်နှယ်ပြောမလဲ'

'ခက်ချည် အမေ လုပ်ပါဦး၊ မောင်မောင်ခြောက် မကောင်းဘူးလား၊ အရာရှိမျိုးရိုး ထင်အောင်လေ'

'ဟယ် ခုကာလ အရာရှိမျိုးရိုးမှ မောင်မောင် မှည့်တာလိုက်လို့၊ ခွေးလေး ကြွမ်းပိုး မောင်မောင်တွေ ပြည့်လို့။ နေဦး ဒီလိုလုပ်ပြေမှု၊ မင်းညီမင်းသား ထင်အောင် ထိပ်တင်ခြောက်လို့ မှည့်ကြစို့။ ဒါလည်း မလွဲပါဘူး၊ ငါ့အဘိုးရဲ့ ယောက်ဖရဲ့ နှမဝမ်းကွဲတစ်ယောက်ဟာ ရွှေနန်းတော်ကြီးက



www.burmeseclassic.com

www.burmeseclassic.com



ရှင်ဘုရင်ရဲ့ ဝတ်လဲတော်ခေါက်တဲ့ လူရဲ့ မယားငယ် ဖြစ်ဖူးတယ် ပြောတယ်။ ငါက နန်းတော်ကြီးက အဆက်၊ နင်က ငါ ဖန်ဆင်းတဲ့ သားဆိုတော့ မင်းသွေးပါတယ်လို့ မဆိုနိုင်ဘူးလား'

'ဟုတ်သားပဲ အမေ၊ ကျွန်တော့်ကို စိတ်ကြီးဝင်သွားတာပဲ ...'

'ကိုင်း ကိုင်း ထွက်တော်မူပေတော့၊ ဟိုဟာဒီဟာ စုခါစည်း ဒွေးသာဂိရဲ့ ခြောက်ထိပ်တင်ရယ်'

'အောင်မယ် အမေက ဆိုင်းဆင့်တာတွေ ဘာတွေနဲ့ပါတကား'

'ဆိုင်းဆင့်တာ မဟုတ်ဘူးကွယ့် မိုက်ပါဘိတော့။ ကဗျာမတတ် ဘာမတတ်နဲ့၊ ဒါက ရှစ်ဆယ်ပေါ် ခေါ်တယ်ကွယ့် ထိပ်တင်ခြောက်ရဲ့'

'သြော် ဟုတ်လား အမေ၊ ဒါထက် ထိပ်တင်ခြောက် ဆိုတော့ကောကောင်းရဲ့လား အမေ'

'ဒါဖြင့် နင်က ခုနစ်ကြိုက်သလား၊ ရှစ်ကြိုက်သလား၊ များတိုင်းကောင်းတာမှတ်လို့ ဟယ်'

'ရှိပါစေတော့ဗျာ၊ ကျွန်တော့်ခြောက်နဲ့ကျွန်တော် နေပါတော့မယ်။ ကိုင်း သွားလေဦးမှ တော်မကိုး၊ ကိုင်း ယောက်ျား တောင်ဖအောင်းနဲ့ ခေါင်းတစ်ရာ ပေါင်းခါသိမ်းချုပ်'

'အောင်မယ် နင့်ဟာကမှ ဆိုင်းဆင့်တာဟဲ့'

'ဟုတ်လား၊ ပြောတတ်ပေါင် အမေ၊ ရှမွေလုံးအဖြစ်နဲ့ တောထဲမှာပေါက်နေတုန်းက မင်းသားကြီး ဆိုင်းဆင့်တဲ့လေသံ ဝင်သွား ထင်ပါရဲ့'

'ဟား ဟား ဟား ဟား၊ တော်တော်အူရွှင်တဲ့ မှို့ခြောက်ပါတကားဟဲ့၊ စိုများစိုရင် ငါတော့ အူတက်သေရလိမ့်မယ် ထင်တယ်'

ထိပ်တင်ခြောက်သည် ဒွေးသာဂိအား ရိုကျိုးသမှု ဒူးထောက်ကာဝတ်ချကန်တော့ပြီးနောက် ရွာအနောက်ပေါက်မှ ထွက်လာ၍ တုတ်ကောက်တယမ်းယမ်း၊ လေကလေးတချွန်ချွန်နှင့် လျှောက်သွားလေရာ၊ ခြစ်ခုံနှင့် ထွန်ခြစ်လက်ကိုင်ရိုးတို့မှ ဖြစ်လာရသော ခြေထောက်များ ဖြစ်သည့်အတွက်





ခြေလှမ်းသောအခါ၌ ခပ်တောင့်တောင့် ရှိနေသော်လည်း တဲပေါက်မှ မျှော်ကြည့်နေရစ်သော ဒွေးသာဂိ၏ မျက်စိထဲ၌မူ၊ အလွန်တရာ ခံ့ညား၍ စစ်ဗိုလ်ကြီး ဗန္ဓုလ ခြေလှမ်းပုံနှင့် တူသည်ဟု မှတ်ထင်မိ၏။ ရွာအနောက်၌ရှိသော လက်ပံပင်ကြီးကို ကျော်လွန်၍ မူးချောင်းတံတားကို ဖြတ်ကျော်ပြီးနောက်၊ လမ်းကွေ့သို့ ချိုးသွားသဖြင့် မျက်ခြည်ပြတ်သွားသော အခါတွင်မှ ဒွေးသာဂိသည် 'ဉ်ဖွ ချေးတုံး မတ်တတ်ထ စေသတည်း' အစရှိသော စုန်းကဝေတို့၏ ဆုတောင်းကို တတွတ်တွတ် ရွတ်ဆိုကာ တဲထဲသို့ ပြန်ဝင်သွားလေသတည်း။

*

ဘုန်းကြီးကျောင်းများမှ နေ့ဆွမ်းဘုဉ်းပေးချိန် အထိမ်းအမှတ်ဖြင့် ခေါင်းလောင်းသံနှင့် ကြေးစည်သံတို့ တညံညံ ထိုးခေါက်လျက် ရှိကြစဉ်၊ ဒွေးသာဂိ၏ ဝမ်းမနာသား ကျွန်ုပ်၏ ဟီးရိုးဇာတ်လိုက် ထိပ်တင်ခြောက်သည် ရုံးစိုက်ရာ ဌာနဖြစ်သော မြို့တော်ကြီး၏ စည်ကားသော လမ်းကြီးတစ်လျှောက် ဝင်ရောက်လာခဲ့လေသည်။ လမ်းနံ့ဘေးရှိ အကြော်ဆိုင်၊ မုန့်ဟင်းခါးဆိုင်စသည်တို့၌ သရေစာ စားသောက်လျက်ရှိသော မြို့သူမြို့သားများသည် ထိပ်တင်ခြောက်၏ သစ်လွင်တောက်ပြောင်သော အဝတ်တန်ဆာများနှင့် ခံ့ထည် သိုက်မြိုက်သော ကာယဗြေတို့ကို မြင်ကြသည့်အခါ၊ ဤလူကား ဝန်ထောက်ထက် မသေးသော အရာရှိတစ်ယောက် ဖြစ်ရမည်ဟု အချို့က ခန့်မှန်း၍၊ အချို့ကလည်း မင်းတိုင်ပင် အမတ်တစ်ယောက် ဖြစ်ရမည်ဟု တွေးဆကြ၏။ တစ်ယောက်သော လူကမူ ...

'ခင်ဗျားတို့ တွေးတာတွေ အားလုံးလွဲတယ်။ သူ့ဖိနပ်ကို ကြည့်ကြစမ်းပါ၊ ဟသ်ာဖိနပ် မဟုတ်ဘူးလား။မင်းညီမင်းသားမို့လို့ ဒီဖိနပ်မျိုးစီးတာပါဗျ' ဟု ပြော၏။

ဤတွင် အခြားတစ်ယောက်က 'မင်းညီမင်းသားဖြစ်ရင် ဒီဖိနပ်မျိုးကို အရပ်ထဲမှာ ဘယ်တော့ စီးမှာလဲဗျ။ ခင်ဗျားလူ ဇာတ်မင်းသား ဖြစ်မှာပါဗျ' ဟု ထင်မြင်ချက် ပေး၏။



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်သားပဲဗျာ၊ အင်္ကျီကလည်း ထိုင်မသိမ်းအင်္ကျီဗျာ၊ ပွဲထဲက ဇာတ်မင်းသားများမှ ဝတ်တာ မဟုတ်လား' ဟု ထောက်ခံလိုက်၏။

ထိုအတောအတွင်း၌ အချိတ်ပုဆိုး တောင်ရှည် ခါးပုံစကို ဖုတ်မလူး စေရန် ခါးတွင်ပတ်၍၊ ချယ်ရီတုတ်ကောက် ဝင့်ကာ၊ ဆေးတံကို တဖွားဖွား ရှူဖွာလျက်၊ ရွှေကျင်ခပ်ပဝါကို ဘီအေပေါင်းခေါ် ခပ်စောင်းစောင်း ပေါင်း ထားပြီးလျှင် ဒေါမာန်ပါပါနှင့် လျှောက်လာသော ထိပ်တင်ခြောက်သည် အတန်ငယ် ပူအိုက်လာသော အချိန်ဖြစ်၍ ချွေးအနည်းငယ် စို့လာသော နဖူးပြင်မှ ရွှေကျင်ခပ် ခေါင်းပေါင်းကို အသက်သို့ မခို့တရို့ ပင့်တင်လိုက် ရာတွင်၊ အလုပ်ကြမ်းဆို၍ လက်ဖျားနှင့် မတို့ဖူးသဖြင့် ဖြူစင်နုထွတ်လှ စွာသော လက်ဖဝါးပြင်နှင့် လက်ချောင်းများကို မုန့်ဆိုင်မှ လူများ မြင်လိုက် ရသည်နှင့် ပါးစပ်ဟကာ အံ့သြ ငေးမော နေကြလေတော့သည်။

လက်ယာဘက်တွင် ကိုင်ထားသော မိုးကြိုးကွပ်သည့် ချယ်ရီတုတ် ကောက်ကို ထားဘိဦး၊ လက်ဝဲဘက်၌ကိုင်ထားသည့် ပယင်းရိုးတွင် ရွှေကွပ် ထားသော ဆေးတံကြီးမှာ ဆံပင်ဖားလျားချထားသည့် အင်္ဂလိပ်မကလေး၏ ငယ်ထိပ်တည့်တည့်မှ အခိုးထွက်နေသည့် ပုံသဏ္ဌာန်ဖြင့် အံ့သြဖွယ် ထုလုပ် ထားခြင်း ဖြစ်လေသည်။ ထိပ်တင်ခြောက်သည် ခြေလေးငါးလှမ်း လှမ်းမိ တိုင်း လက်ဝဲဘက်မှ ဆေးတံကို ပါးစောင်သို့ ထိုးသွင်းကာ ထောင်းခနဲ ထောင်းခနဲ အခိုးထွက်လာအောင် ရှူဖွာ၍ မြိန်ရေရှက်ရေ ရှိုက်သွင်းပြီးမှ နှာခေါင်း၊ ပါးစပ်တို့မှ အခိုးများ ထွက်လာခြင်းကို မြင်ရသည်နှင့်ပင် ခံတွင်း ချဉ် ပြေမတတ် အောက်မေ့မိကြလေသည်။

ဤအဝတ်အစားမျိုး၊ ဤဂိုက်ဆိုက်မျိုး၊ ဤလူသွေးလူရောင်မျိုး၊ အထူးသဖြင့် ဤဆေးတံမျိုးသောက်၍ လမ်းလျှောက်ခြင်း ဟူသည်မှာ နေ့စဉ် နှင့် အမျှ တွေ့မြင်ကြရသော ကိစ္စမဟုတ်ဘဲ၊ တစ်သက်တစ်ခါ ဆိုဘိသကဲ့သို့ အလွန်တရာ ကြုံခဲလှသော အခြင်းအရာ ဖြစ်ပေရကား၊ ခရီးသွားများနှင့်





မုန့်စားသူများသည် မုန့်ပန်းကန်များကို ချထား၍ ထိုလူကို ငေးမော့ကာ မည်သူမည်ဝါ ဖြစ်လေသည်ကို ခန့်မှန်း ပြောဆို နေကြလေတော့သည်။

'ဘယ်သူက ဘာပြောပြော လူပုံပန်း မြင်ရတာနဲ့ အထက်တန်းစား လူတစ်ယောက် ဖြစ်ရမယ် ဆိုတာကို ကျုမ်းကိုင် ပြောဝံ့တယ်ဗျ'

'အထက်တန်းစားဆိုရင် ကိုယ်ပိုင်ရထားနဲ့ မော်တော်ကားနဲ့ လာရ မှာပေါ့ဗျ၊ နေပူကျဲကျဲကြီးထဲမှာ ခြေကျင် လျှောက်လာပါ့မလား လို့'

'သူပြောတာ ဟုတ်ပေတယ်ဗျ'

'ဘယ်ကလာ ဟုတ်လိမ့်မှာလဲ၊ အထက်တန်းစားဆိုရင်ကော ကိစ္စ အရေးကြီးရင် ခြေကျင် မသွားရတော့ဘူးလားဗျ'

'လူရေ လူရောင်ကို ကြည့်ကြပါဗျ၊ ဒီလိုလူဆိုရင် ကျုပ်တို့ကတော့ အဝတ်စုတ်တွေချည်း ဝတ်လာပစေ၊ မင်းညီမင်းသားထဲကလို့ ချက်ချင်း ပြောဝံ့တယ်'

'လူပုံက အောက်သားနဲ့ တူတယ်ဗျ၊ ကျုပ်တို့ အညာသားထဲက ဘယ်လောက်ကြွားကြွား ပယင်းရိုးတပ်တဲ့ ရေမြှုပ်ဆေးတံတော့ မသောက်ပေ ဘူး ထင်တယ်'

'ခြေလှမ်းပုံက တစ်ဆိတ်လောက် တောင့်တင်းတင်း မနေဘူးလား ဗျာ'

'တောင့်တယ်လေ၊ ဒါမှ ခံ့တယ် မဟုတ်လား'

'ကျုပ်ကတော့ စစ်မှုထမ်းထဲကလို့ ထင်တယ်ဗျာ၊ တယ်ပြီး ရင်ကော့ သား ကောင်းတယ်'

'ခံ့ခံ့ညားညားနဲ့ ယဉ်ကျေးပုံထောက်တော့ မွန်တိုင်းပြည်က သံ ကြီး တမန်ကြီး ဖြစ်လေရော့လား ဗျာတို့'

'ဟုတ်ချင်ဟုတ်မယ်ဗျို့၊ ကျုပ်တို့မြို့ဝန်က အောက်ပြည်နဲ့ အဆက် အသွယ် ရှိတယ်လို့ ကြားတယ်'

'ဘာပြောပြော ရုပ်ကတော့ ချောပေတယ်ဗျာ၊ နှာတံကြီးက စင်းလို့။



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးက ကြည်လိုက်ပုံ ကြည့်ကြစမ်းပါဦး၊ မီးတောက်မီးလျှံ ထွက်တော့မလို ဝင်းခနဲ လက်ခနဲ နေတာပဲ'

ထိုအခါ အမျိုးသမီးတစ်ယောက်က 'နှာတံပေါကြီးနဲ့ ချောလိုက်တဲ့လူ ရှင်၊ မြင်တောင် မမြင်ဖူးသလောက်ပါပဲ' ဟု ပြောလိုက်သည်ကို အနီးသို့ ရောက်လာသော ထိပ်တင်ခြောက် ကြားလိုက်သည်နှင့်၊ 'ဒီကလည်းနှမလောက် ချောတဲ့မိန်းမ မတွေ့ရဖူးတာ အမှန်ပါဗျာ' ဟု မျက်နှာရွှမ်းရွှမ်းနှင့် ပြောလိုက်ရာ၊ ပြောမိသော အမျိုးသမီးမှာ မျက်နှာပူသည်နှင့် ဦးခေါင်းငုံ့လျက်ရှိစဉ် ယောကျ်ားများက 'အချက်ကျအောင် ပြောတတ်တဲ့ လူပဲကွာ၊ လွန်ရော'ဟု ချီးကျူးကြ၏။

ထိပ်တင်ခြောက်ကို မြင်ရသူများသည် ယောကျ်ားမိန်းမ မရွေး တစ်ယောက် တစ်မျိုးစီ ချီးကျူးပြောဆိုနေကြသည့် အထဲတွင် သဘောမတူသော အမူအရာ ဖော်ပြသူဆို၍ နှစ်ဦးတည်းသာ ရှိလေသည်။ ခွေးကလေး တစ်ကောင်သည် ထိပ်တင်ခြောက်အနီးသို့ ချဉ်းကပ်၍ ခြေဖနောင့်ဆီသို့ နှာခေါင်းနှင့် ကပ်ကာ အနံ့ခံပြီးနောက်၊ တင်ပါးအောက်သို့ အမြီးကို ကုပ်သွားလျက် ဦးခေါင်းကို အထက်သို့ထောင်ကာ မကြားဝံ့ မနာသာ အူပြေးလေတော့သည်။ ငါးနှစ်သားသာသာရှိသော ကလေးတစ်ယောက်သည်လည်း ထိပ်တင်ခြောက် မျက်နှာကို မော့ကြည့်ပြီးနောက် ပါးစပ်ကိုဖြဲလျက် 'ဒီဘူးဒီးခြောက်ကြီး ဂျနော်ကြောက်တယ်' ဟု ဆိုကာ မိခင်ကို ဖက်ထားလေသည်။

ထိုအတောအတွင်း၌ ထိပ်တင်ခြောက်သည် မင်းလမ်းမကြီး တစ်လျှောက် ဖြောင့်တန်းစွာ လျှောက်သွား၍၊ မိမိကြားလောက်အောင် အသံထုတ်ကာ ချီးကျူးစကား ပြောသူများအား ကျေးဇူးတင်သော အထိမ်းအမှတ်ဖြင့် ပြုံးရယ်ကာ၊ ဖွေးဖွေးဖြူသော မိမိ၏ သွားများကို ဖော်ပြရုံမှတစ်ပါး လက်ဝဲ လက်ယာတို့သို့ ကွေ့ကောက်ခြင်းမရှိဘဲ ဆေးတံကိုသာ တွင်တွင်ကြီး ဖွာလျက် လျှောက်သွားတော့သည်။ အားလပ်သော သူများသည်လည်း





အဘယ်အရပ်သို့ သွားလေသနည်းဟု သိလိုသည်နှင့် ထိပ်တင်ခြောက်နောက်မှ တကောက်ကောက် စုရုံးလိုက်ပါ သွားကြတော့သည်။

နောက်ဆုံး၌ ထိပ်တင်ခြောက်သည် မြို့ဝန်ဦးရွှေအိုး၏ နေအိမ်သို့ ရောက်လာ၍ ဝင်းတံခါးကို ခေါက်ပြီးလျှင် တံခါးမဖွင့်မီ ရပ်စောင့်နေရသည့် အတောအတွင်း၊ ဆေးတံမှပြာများ ခေါက်ထုတ်သည်ကို လူများက ကြည့်နေကြ၏။

'သူ့ပါးစပ်က တွတ်တွတ် တွတ်တွတ်နဲ့ ဘာပြောတာလဲကွ သူငယ်ချင်း'

'ဆိုနိုင်ပါဘူး သူငယ်ချင်းရာ၊ ငါ့မျက်စိထဲမှာ သူ့ရုပ်က ချက်ချင်းမှိန်သွားသလိုလို ငါ ထင်လိုက်တယ်ကွ။ ငါ့မျက်စိက နေပူလွန်းလို့ မှုန်သွားထင်ပါ့ကွာ'

'မင်းက ဘာကြည့်နေတာလဲ၊ ငါကတော့ သူ့ဆေးတံကို ကြည့်နေတယ်။ ခုနင်တုန်းက မီးငြိမ်းနေမှတ်တယ်၊ အခုတော့ မီးခဲကြီးနဲ့ ရဲလို့။ မြင်ဘူးလားကွ၊ ဒီလူဟာ လူဆန်းတစ်ယောက် ထင်တယ်ကွ'

'ဟုတ်မှာပေါ့ကွ မှိန်ချည်လက်ချည်နဲ့၊ ဟော မြို့ဝန်သမီး ခင်ခင်ကြီးက လေသာပြတင်းပေါက်က မျှော်ကြည့်နေတာ တွေ့ရလား၊ တို့ ခင်ခင်ကြီးတော့ သွားပါပြီ၊ ပါတော့မှာပါပဲ'

ထိုအချိန်၌ ဝင်းတံခါးကြီး ဖွင့်ပြီဖြစ်၍ ထိပ်တင်ခြောက်သည် ကျောင်းသားများအား ကျောင်းဆရာက ကြည့်သည့် အထက်စီး ကြည့်နည်းမျိုးဖြင့် လမ်းပေါ်ရှိ ပရိသတ်ကို လှမ်းကြည့်ကာ ပြုံးပြပြီးနောက် ဝင်းထဲသို့ ဝင်သွား၏။ ဖော်ပြခဲ့သည့် ခွေးတစ်ကောင်နှင့် ကလေးတစ်ယောက်မှတစ်ပါး ထိပ်တင်ခြောက်၏ မှုမမှန်သော အဖြစ်ကို မည်သူမျှ မရိပ်မိချေ။

မြို့ဝန်၏သမီး ခင်ခင်ကြီးမှာ ဖြူဖြူတုတ်တုတ်၊ ဖောင်းဖောင်းအိအိ အဆက်အပေါက်ရှိ၍ မထူလွန်း မနုပ်လွန်းသော မိန်းကလေးတစ်ယောက်ဖြစ်၏။ ရယ်လိုက်သောအခါ ပါးစပ်တစ်ဖက်တစ်ချက်ပေါ်တွင် ဗွေလှည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



ခွက်ဝင်သွားသော ပါးပိန့်ကလေးများနှင့် အမှန်ပင် ချစ်ဖွယ်ကောင်းသော မိန်းမပျိုကလေး ဖြစ်၏။ ခင်ခင်ကြီးသည် ထိပ်တင်ခြောက်ကို ပြတင်းပေါက်မှ မြင့်လိုက်ရသည်နှင့် မျက်နှာ၌ တို့ပတ်ရိုက်ကာ ယပ်တောင်ကလေး ကိုင်လျက် ဆင်းလာ၏။

ထိုအတောအတွင်း၌ ထိပ်တင်ခြောက်သည် ဧည့်ခန်းသို့ဝင်၍ အလွန်တရာ မျက်နှာထားတင်းသော မြို့ဝန်ဦးရွှေအိုးနှင့် တွေ့ဆုံသည်တွင်၊ ဒွေးသာဂိ မှာထားလိုက်သည့် လျှို့ဝှက်သော စကားတစ်လုံးကို ဦးရွှေအိုး၏ နားအနီးသို့ ကပ်၍ တီးတိုးပြောလိုက်၏။ ဤတွင် ဦးရွှေအိုးသည် ပျူငှာသော မျက်နှာထား ဖြစ်ပေါ်လာပြီးလျှင် 'ဟဲ့ သမီး ခင်ခင်ကြီးရေ၊ နင့်အစ်ကိုကြီး တစ်ယောက် ရောက်လာတယ်ဟေ့၊ လာပြီး ဧည့်ခံလိုက်ပါဦးကွယ်။ ချိုပွဲ ချဉ်ပွဲများ ပြင်ယူခဲ့လို့ ဗျိုဖုံကို ပြောလိုက်ဟေ့' ဟူ၍ ပြောလိုက်၏။ ခင်ခင်ကြီးသည် အပေါ်ထပ်မှ ဆင်းလာရင်း ဗျိုဖုံအား လက်ဖက်ရည်ပွဲများ ပြင်ယူခဲ့ဖို့ မှာထားပြီးလျှင် ဧည့်ခန်းသို့ ဝင်လာလေ၏။

ထိုအခါ မြို့ဝန်ဦးရွှေအိုးက 'လာကွယ့် သမီး၊ ဟောဒီက ဧည့်သည်နဲ့ စကားပြောပါဦးကွယ်။ ဖေဖေကတော့ ရုံးကိစ္စကလေး ရှိသေးလို့ ခဏသွားရဦးမယ်' ဆို၍ အပြင်သို့ ထွက်သွားလေ၏။ ထိပ်တင်ခြောက်မှုကား အခန်းထဲသို့ ဝင်လာသော မြို့ဝန်သမီး ခင်ခင်ကြီးကို ပြုံးချိုသော မျက်နှာထားနှင့် ကြည့်နေရာမှ အမြီးအတောင်ဖြန့်၍ ကသော ဥဒေါင်းငှက်ကဲ့သို့ တောင်ရှည်ပုဆိုး တဖြန့်ဖြန့်၊ ရွှေကျင်ခပ် ခေါင်းပေါင်းတပြင်ပြင်၊ ရေမြှုပ်ဆေးတံ တဝင့်ဝင့်ဖြင့် "ငါသို့သော လူကို မချစ်ကြိုက်ဘဲ နေနိုင်သေးရဲ့လား" ဆိုလိုသော အမူအရာမျိုးနှင့် မိမိကိုယ်ကို လှည့်ပတ်ပြသ နေလေ၏။ အမှန်မှာ ထိတ်တင်ခြောက်သည် ခင်ခင်ကြီးကို မြို့ဝန်က ခေါ်လိုက်ကတည်းက ဆေးငွေ့များကို တရစပ် ရှိုက်သွင်းပြီး အခိုးမထုတ်ဘဲ အသက်အောင့်ထားလေရကား၊ ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာနှင့် ရှုမြင်သူ စွဲမက်လောက်စရာ ဖြစ်နေပေတော့သည်။ မြို့ဝန်သမီး ခင်ခင်ကြီးလည်း စွဲမက်ခဲ့လေပြီ။





ခင်ခင်ကြီးသည် ထိပ်တင်ခြောက်နှင့်အတူ ယှဉ်ကာ ဧည့်ခန်းကြီး အလယ်တွင် ရပ်လျက်ရှိစဉ် ဝမ်းထဲကပီတိ တစိမ့်စိမ့်ဖြစ်သည်နှင့် "ဤလူနှင့်ငါ ထိမ်းမြားရလျှင် ရှေ့သွားနောက်လိုက် ညီပါမည်လော" ဟု သိချင်သော ဇောကလေး ပေါ်ပေါက်လာ၏။ သို့ဖြစ်၍ ဧည့်ခန်းထဲ၌ရှိသော ကိုယ်လုံးပေါ် မှန်ကြီးထဲသို့ မိမိတို့နှစ်ယောက်၏ အရိပ်ကို ကြည့်မည်ဟု လှည့်လိုက်၏။ ၎င်းမှန်ကြီး၏ ထူးခြားသော သတ္တိတစ်ခုမှာ မည်သူမဆို ၎င်းမှန်ထဲသို့ ကြည့်လိုက်သည့်အခါ အကြင်သူ၏ နဂိုပကတိ ဇာတိရုပ်သွင်အတိုင်း ပေါ်ထွက်လာတော့သည်။ ခင်ခင်ကြီးသည် ကိုယ်လုံးပေါ် မှန်ကြီးထဲသို့ ဦးခေါင်းငုံ့ကာ ကြည့်လိုက်မိသည်နှင့် တစ်ပြိုင်နက် 'အမယ်လေး၊ လုပ်ကြပါဦး တော်တို့' ဟု ဟစ်အော်ကာ မူးမေ့သွားလေတော့သည်။

ထိပ်တင်ခြောက်သည် မူးလဲမည် ပြုနေသော ခင်ခင်ကြီးကို ပွေ့ထားရာမှ အကြောင်းခြင်းရာကို သိလိုသည်နှင့် ခင်ခင်ကြီး ကြည့်နေသော နေရာသို့ လှမ်းကြည့်လိုက်ရာ၊ စုန်းကဝေတို့ တတ်သော ပဥ္စလက်ပညာအရ လှည့်စားထားသည့် သဏ္ဍာန်အတိုင်း လူချောကလေး မဟုတ်တော့ဘဲ ထင်းချောင်း၊ တုတ်ခနောင်းနှင့် ဘူးတောင်းကွဲ အစုအဝေးကို မြင်ရသည်နှင့် 'ဟိုက်' ဟု ဆိုကာ၊ မူးမေ့နေသော ခင်ခင်ကြီးကို ကြမ်းပေါ်သို့ လွှတ်ချလိုက်တော့သည်။

*

ထိုနေ့ နေဝင်ရီတရော အချိန်တွင် ဒွေးသာဂိသည် တဲပေါက်ဝ၌ထိုင်ကာ ဒန်တိုသစ်တစ်ချောင်းကို ဖွာလျက်ရှိစဉ်၊ တဲနောက်ဖေးဆီမှ အရိုးစု အဖွဲ့အစည်းကို မြေကြီးပေါ်၌ ခေါက်သော အသံကဲ့သို့ တဂေါက်ဂေါက် လျှောက်လာသော ခြေသံကို ကြားရသည်နှင့် 'ဘယ့်နှာလဲကရို၊ ဘယ်သူ့ခြေသံလဲ ဟဲ့၊ သချိုင်းမှာမြှုပ်ပြီး နှစ်လည်မှ ပေါ်လာတဲ့ ကမ္ဘောဇာန်းကောင်ရဲ့ ခြေသံမျိုးပါ တကား' ဟု ပြောလိုက်၏။

နောက်တစ်ခဏ၌ ဒွေးသာဂိသည် တဲထဲသို့ ကမန်းကတန်း ဝင်လာ



www.burmeseclassic.com

www.burmeseclassic.com



သူကို မော့အကြည့်လိုက်တွင် ထိပ်တင်ခြောက် ဖြစ်နေသည်ကို တွေ့ရ၏။ ထိပ်တင်ခြောက်၏ ဆေးတံမှ အခိုးတလူလူ ထွက်နေ၍ ထိပ်တင်ခြောက်၏ ပုံသဏ္ဍာန်မှာ နံနက်ခင်း အိမ်မှ ထွက်သွားစဉ်ကအတိုင်း လူသားပကတိ ရှိနေသော်လည်း၊ ၎င်း၏ အမူအရာမှုကား စိတ်အပျက်ကြီး ပျက်လာခဲ့ဟန်နှင့် ထန်းခေါက်ဖျာပေါ်သို့ ကိုယ်လုံးပစ်၍ လှဲချလိုက်တော့သည်။

'ဘာဖြစ်လာသလဲကွယ့် အမေ့သားကြီး၊ မြို့ဝန်ဦးရွှေအိုးက ငါ့သားကို ကြည်ကြည်ဖြူဖြူ လက်သင့်မခံလို့လား။ သယ် ... ဒီကောင်တော့ သိစေ့မယ်။ ဒင့်သမီးကို ကလပ်ပေါ်တင်ပြီး ငါ့သားရှေ့မှာ ဒူးထောက်ဆက်စေရမယ်ဟေ့။ သာဂိတဲ့နော်၊ သာဂိတဲ့နော်၊ တစ်ဂိပြင် နှစ်ဂိ မရှိဘူးဟေ့ ...'

'မဟုတ်ပါဘူး အမေ၊ ဒါကြောင့် မဟုတ်ပါဘူး၊ ကိုယ့်ကိုယ်ကိုယ် မြင်ခဲ့ရလို့ပါ အမေရဲ့။ ဘယ်မှလဲအမေ၊ လက်စသတ်တော့ ဘာမဟုတ်တဲ့ တုတ်ခနောင်းနဲ့ ဘူးခွံခြောက်ကို အစုတ်အပြတ်တွေနဲ့ ပတ်ထားတာပါကလား အမေရဲ့။ တော်ပြီ အမေ၊ ကျွန်တော် အသက်ရှင် မနေချင်တော့ဘူး၊ သွားရောလဟယ်'

ယင်းသို့ ပြောပြောဆိုဆိုနှင့် ထိပ်တင်ခြောက်သည် ပါးစပ်ပေါက်၌ တပ်ထားသော ဆေးတံကို ဖြုတ်၍ တဲထောင့်သို့ ရှောက်ခနဲ လွှင့်ပစ်လိုက်သည်နှင့် တစ်ပြိုင်နက် ထန်းခေါက်ဖျာပေါ်၌ ထင်းချောင်း၊ တုတ်ခနောင်းနှင့် အဝတ်စုတ်များ ဗရန့်ကြဲနေသည့် အပေါ်တွင် ဘူးတောင်းကွဲတစ်ခု တင်လျက် ကျန်ရစ်လေတော့သည်။

ဒွေးသာဂိသည် ဦးခေါင်းယမ်းကာ ဝမ်းနည်းစွာနှင့် ဖရိုဖရဲ ကြဲနေသော အစအနု အစုတ်အပြတ်များကို ကြည့်လျက် "သြော် ထိပ်တင်ခြောက် ထိပ်တင်ခြောက် ဖြစ်ရလေကွယ်၊ တကယ်ဆိုတော့ လောကကြီးမှာ ဘာမဟုတ်တဲ့ ပစ္စည်းရဲ့ ဗူလိနတ်စ အတိုအထွာ အစုတ်အပဲ့တွေ စပ်ဟပ်ထားလို့မို့ အခေါင်းပွ၊ အဆန်ခေါ်ချောင် နှင့်လိုအကောင်တွေ ထောင်သောင်းမက





ရှိနေပါလျက်ကယ်နဲ့ နင်ကမှ ပေါက်ပေါက်ရှာရှာ၊ စိတ်ပျက်ပြီး ပြန်လာရသလားဟယ် ခြောက်ကယ်' ဟု ညည်းညူကာ ဒန်တိုစုတ်ကို ကောက်ယူ၍ ဘူးတောင်းကွဲ၏ ပါးစပ်ပေါက်ထဲသို့ ထည့်မည် ပြုပြီးမှ ...

'ဖြစ်မထင်ပေါင်လေ၊ ဟိုအကောင်တွေက မာနကြီး တောင်လိုမောက်ပြီး လက်မ တထောင်ထောင်၊ ရင် တကော့ကော့၊ ခြေဖျား တထောက်ထောက် လုပ်နေကြတဲ့ အထဲမှာ သူ့ကိုယ်သူ အမှန်အတိုင်း မြင်ထားတဲ့ မောင်ရင်ခြောက်က ဝင်တိုးလို့ ငါ့အကောင် နေရာရစရာ လမ်းမမြင်ပါဘူး။ ကိုင်း ကိုင်း၊ ငါ့သားကြီးရေ မူလရည်ရွယ်တဲ့အတိုင်း ငါ့ပြောင်းခင်းထောင့်မှာ စာခြောက်ရုပ်အဖြစ်နဲ့ပဲ အရိုးထုတ်ချေပါတော့ကွယ်၊ လူကလေးရယ်' ဟုဆိုကာ သချိုင်းအစွန်းရှိ ပြောင်းခင်းထောင့်တွင် ဝါးလုံးရှည်ရှည်နှင့် ချည်ထားလိုက်လေတော့သတည်း။

(**Nathaniel Hawthorne** ၏ **The Scarecrow**ကို မှီးပါသည်။)

[ ရှုမဝ၊ အတွဲ (၄)၊ အမှတ် (၄၆)၊ မတ်လ ၁၉၅၁ ]

www.burmeseclassic.com

www.burmeseclassic.com

## အံ့ဖွယ်ရောဂါ

ဗိုလ်ချုပ်တို့ သေဆုံးပြီးသည့်နောက်၊ ရက်သတ္တ နှစ်ပတ်ခန့် အကြာတွင် ကျွန်ုပ်သည် စာတိုက်မှ ပါဆယ်ထုပ်တစ်ခု ရရှိသဖြင့် ဖွင့်ကြည့်လိုက်ရာတွင်၊ မိန်းမလက်ရေးနှင့် စာတစ်စောင်အပြင် ဖူးစကတ်စာရွက်ဖြင့် ရေးသားထားသော စာများကို တွေ့ရှိရလေ၏။ ထိုစာမှာ ...

စာရေး အစီရင်ခံပါသည်၊ ဆရာကြီးရွှေဥဒေါင်းရှင့်။

ပူးတွဲပါ စာအိတ်မှာ နိုင်ငံတော်လုပ်ကြံမှုကြီးတွင် ကျဆုံးသွားရသော ကျွန်မ၏ လင်ယောကျ်ားသည် မသေဆုံးမီ ဇူလိုင်လ ၁၈ ရက်ညက စီကုံးရေးသားခဲ့ပြီးလျှင် ဆရာကြီး၏ လိပ်ကိုတပ်၍ စာရေးစားပွဲ အံဆွဲထဲတွင် ထားပစ်ခဲ့သော စာအိတ် ဖြစ်ပါသည်။ တွေ့သည့် အချိန်ကပင် ဆရာကြီးထံ ပေးပို့ရန် ဖြစ်သော်လည်း ကိစ္စ များပြားလှသဖြင့် ယခုမှ ပေးပို့လိုက်ရပါသည်။ ကျွန်မ၏ လင်ယောကျ်ား စီကုံးရေးသားခဲ့သော ၎င်းစာများကို စာအိတ်ကို ဖွင့်ထားသောကြောင့်၊ ကျွန်မ ဖတ်ကြည့်သည့်အခါ ဝတ္ထုသဖွယ် ထူးဆန်းအံ့ဩဖွယ် ကောင်းသည်ဖြစ်၍ ကျွန်မတို့၏ အမည်နာမကို အထင်အရှား မဖော်ပြဘဲ အသုံးပြုထိုက်သည် ထင်က အသုံးပြုနိုင်ပါရန် ပေးပို့လိုက်ခြင်း ဖြစ်ပါကြောင်း။





ကျွန်ုပ်သည် အထက်ပါစာကို ဖတ်ရှုရပြီးနောက်၊ ပူးတွဲပါ စာရွက်များကို ဖတ်ကြည့်ရာတွင် ဝန်ကြီးကတော် ရေးသားလိုက်သည့်အတိုင်း အမှန်ပင် ထူးဆန်းလှသဖြင့် ကာယကံရှင်၏ အမည်နာမများကို မဖော်ပြဘဲ၊ အချို့သော စကားလုံးများကို သင့်တော် ဆီလျော်အောင် ပြင်ဆင်၍ ဝန်ကတော်၏ ခွင့်ပြုချက်အရ "ဒဂုန်မဂ္ဂဇင်း" တိုက်သို့ ပေးပို့လိုက်ရခြင်း ဖြစ်ပေသည်။

*

၁၉၄၆ ခုနှစ် မတ်လတွင် ကျွန်ုပ်သည် မြောက်ပိုင်းရှမ်းပြည်နယ် သီပေါနယ်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဘော်ကြိုဘုရားပွဲတော်သို့ တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးသဖြင့် အိမ်သားတစ်စုတို့နှင့်အတူ သွားရောက်ခဲ့၏။ တပေါင်းလဆန်း ၁၃ ရက်နေ့ ညနေခင်းအချိန်တွင် ဘော်ကြိုဘုရားပွဲသို့ ဆိုက်ရောက်ကြ၍ ကစားသမားများအတွက် အသင့်ဆောက်လုပ်ထားသော ကပ်မိုး၊ ကပ်ကာ အခန်းကလေးတစ်ခုတွင် ပွဲမပြီးမချင်း ငွေ ၁၅ ကျပ်နှင့် အိမ်သားတစ်စု နေထိုင်ရန် စီမံကြလေရာ၊ ဂုဏ်အသရေရှိ လူကြီးလူကောင်းတစ်ယောက် ဖြစ်သောကြောင့် မိတ်ဆွေများက ကျောက်မဲမြို့ထဲ၌ တည်းခို၍ ဘုရားပွဲသို့ တစ်နေ့တစ်ခေါက် သွားရောက်ရန် ပြောကြသော်လည်း၊ လာရသည့်အတူတူ ပွဲစခန်းအတွင်း၌ တည်းခိုနေထိုင်ရခြင်းက သာ၍ ပျော်ဖို့ကောင်းသည်ဟု အိမ်သူအိမ်သားများက ပြောကြသည့်အလျောက် ထိုကဲ့သို့ တည်းခိုနေထိုင်ရခြင်း ဖြစ်လေ၏။

ဘော်ကြိုဘုရားပွဲမှာ ရှမ်းပြည်နယ်အတွင်း၌ ကျင်းပသော ဘုရားပွဲမျိုးများ အနက်တွင် အစည်ကားဆုံးဖြစ်၍၊ မြန်မာပြည်ပိုင်းမှ မြန်မာလူမျိုးတို့ အများဆုံး သွားရောက်ကြသော ဘုရားပွဲကြီးတစ်ခု ဖြစ်ပေ၏။ သို့ရာတွင် ၎င်းပွဲတော်သို့ သွားကြသော မြန်မာများအနက် ၃၆ ကောင်နှင့် လေးကောင်ဂျင်၊ ပါထမ် စသော လောင်းကစားနည်းများကို ဝါသနာပါသူတို့သာလျှင် များလှပေ၏။ စင်စစ်သော်ကား ကုသိုလ်ရေးအတွက် သွားသူတို့မှာ တစ်



www.burmeseclassic.com

www.burmeseclassic.com



ကြောက်တဲ့ဘက်က များနေတယ်ဗျ။ စိတ်ထဲမှာ လုံးလုံး နေလို့ မကောင်းဘူး။ ခင်ဗျားကတော့ ဒီဟာကို ပညာကြီးတစ်ခု ထင်ပြီး အဖိုးတန်တယ်လို့ ထင်ကောင်း ထင်ပေလိမ့်မယ်။ သို့သော် ကျုပ် တစ်ခု ပြောပြမယ်။ ကိုယ့်အဖြစ်ကို ကိုယ် ကြိုတင်ပြီး ကြည့်လိုက်တဲ့အခါမှာ မတော်တရော်တွေ ဖြစ်မှာကို သိထားနှင့်ပြီ။ ရှောင်လည်း မရှောင်၊ တိမ်းလည်း မတိမ်းနိုင်၊ ငုတ်တုတ်ကြီး ခံနေရတာဟာ ဘာနဲ့ အလားတူသလဲဆိုတော့ မီးရထားလမ်းပေါ်မှာ ကြိုးနဲ့ တုပ်ပြီး ချထားတော့ ရထားကြီးခုတ်လာလို့ ကိုယ့်ကို ကြိတ်တော့မယ်ဆိုတာ သိရသလို၊ ဘာမှလည်း မတတ်နိုင်ဘဲ ငုတ်တုတ်ခံနေရရင် ခင်ဗျားစိတ်ထဲ ဘယ့်နှယ်ဖြစ်မလဲ'

ထိုအခါ ကျွန်ုပ်မှာ ကြိုတင်သိရှိရခြင်းနှင့် ပတ်သက်၍ ဤနည်းအားဖြင့် မစဉ်းစားမိဖူးသောကြောင့် အံ့အားသင့်လျက် ရှိလေ၏။ ၎င်းနောက် လူပိန်ကြီးက ဆက်လက်၍–

ပိန်။ ။ 'နောင်အဖြစ်ကို ကြိုတင်ပြီး သိရတဲ့အတွက် လောကမှာ ငွေဝင်စရာ နည်းလမ်းတွေ အများကြီး ရှိတာယ်လို့ ခင်ဗျားက ဆိုလိမ့်မယ်။ ဘယ်နေ့ ဘယ်ရက်မှာ ဘယ်လို ဘေးအန္တရာယ်မျိုးနဲ့ သေရလိမ့်မယ်လို့ ကြိုတင်ပြီး သိထားနှင့်တဲ့ လူတစ်ယောက်အဖို့မှာ ငွေဟာ ဘာလုပ်ဖို့လဲဗျ။ ငွေတွေ ဘယ်လောက်ပေါပေမဲ့ ငွေအရသာကို ခင်ဗျား ခံစားနိုင်လိမ့်မယ်ထင်သလား။ အကွာကြီးဗျာ၊ ဘာကိုမှ ခံစားဖို့ သတိမရဘူး။ ကိုယ့်ဆီလာမယ့် ဘေးအန္တရာယ်ကြီးကိုသာ တစ်တွေးတည်း တွေးကြည့်နေမိတော့တာပဲ။ ခုနက ဥပမာအတိုင်း ရထားလမ်းပေါ် ကြိုးနဲ့တုပ်ပြီး တင်ထားတဲ့ လူတစ်ယောက်ကို ရှေ့ကနေပြီး ဘိုင်စကုတ်ပြနေလို့ ကြည့်နိုင်လိမ့်မယ် ထင်သလား။ နီးတာ ဝေးတာလောက် ကွဲတာပဲဗျ။ သည့်ပြင်ဟာတွေကို အာရုံ မစိုက်နိုင်တဲ့ နေရာမှာ အတူတူပဲ။ ခင်ဗျားတို့က ကိုယ်တိုင် မကြုံဖူးလေတော့ ယုံချင်မှ ယုံမလား မဆိုနိုင်ဘူး။ ကျုပ်မှာတော့ လက်တွေ့ဖြစ်နေလို့ နောက် သုံးနှစ်စေ့လို့ ဘယ်နေ့ ဘယ်ရက် ဘယ်အချိန်မှာ ဘယ်လို





သေပုံမျိုးနဲ့ သေရလိမ့်မယ်လို့ သိထားတာနဲ့ လောကကြီး တစ်ခုလုံးမှာ ဘယ်လို စည်းစိမ်ခံစားလို့မှ စိတ်မဖြောင့်နိုင်ဘူးဗျ။ ဘာလုပ်လုပ် ဘာကိုင်ကိုင် ဒီဟာကြီး ပေါ်လာတော့တာပဲ။ အာရုံ ငါးပါးထဲက ဘယ်အရသာမျိုးပေးပေး ကျုပ်အဖို့တော့ ခြောက်ကပ်ကပ်ကြီး ဖြစ်နေတော့တာပဲ။ ကျုပ်ကို ခင်ဗျား ကြည့်စမ်း၊ အရိုးနဲ့ အရေ ကျန်တော့တယ် မဟုတ်လား။ အစတုန်းက ကျုပ်ဟာ ဒီလို မဟုတ်ဘူး၊ ဝဝလင်လင် သန်သန်မာမာကြီးပဲ။ ကျုပ်သေနေ့ကို ကျုပ် သိရတဲ့ နေ့ကစပြီး တဖြည်းဖြည်း ချုံးလာလို့ တစ်နေ့ထက် တစ်နေ့ အရေအသား ဆုတ်ယုတ်ပြီး ကမ္ဗည်းခန်းရုပ် ပေါက်နေပြီကောဗျ။ သူများလို ရယ်လား မောလား ကြည်ကြည်ရွှင်ရွှင် နေလို့လည်း မရဘူး။ ထစ်ခနဲဆို စိတ်ပေါက်ချင်ပြီး လူမြင်သမျှကို ရန်သူချည့် အောက်မေ့ချင်တော့တာပဲ။ ဒီတော့ ကျုပ် ဘာလုပ်သလဲ သိလား'

ကျွန်ုပ်။ ။ 'ဆိုစမ်းပါဦးဗျာ'

ပိန်။ ။ 'ကျုပ်တစ်ယောက်တည်းတော့ စိတ်ညစ်ခံမနေဘူး၊ ဒီပြင် လူတွေကိုလည်း ကျုပ်လို စိတ်ညစ်အောင် လုပ်မယ်ဆိုပြီး သူတို့အကြောင်း ကျုပ် သိသမျှကို ကြိုတင်ပြီး ပြောထားတာပဲ။ ဥပမာဆိုရင် ရှေးနှစ်ခါ ဇူလိုင်လ ၁၉ ရက်နေ့မှာ ခင်ဗျား ဘာဖြစ်လိမ့်မယ်ဆိုတာ ကျုပ်သိတယ်။ ကျုပ်သိသမျှ ပြောပြလိုက်ရရင် ခင်ဗျား စိတ်ချမ်းသာမှာ မဟုတ်ဘူး'

ထိုအခါ ကျွန်ုပ်မှာ လူပိန်ကြီး ပြောသမျှကို မယုံ့တယုံပင် ရှိနေသေးသော်လည်း ရင်ထဲ၌ ဒိတ်ခနဲ ဖြစ်သွားမိ၏။ ကျွန်ုပ်သည် ၎င်း၏စကားအတွက်ကြောင့် စိတ်၌ ထိခိုက်သွားသည်ကို ထိုလူ မသိစေလိုသဖြင့် ဟန်ဆောင်ကာ၊ အရေးမကြီးလှသော အမှုအရာနှင့် ချောင်းထဲ၌ မျောပါသွားသော ဗေဒါပင်များကို အာရုံစိုက်နေဟန် ဆောင်သော်လည်း မတတ်နိုင်သဖြင့် လူပိန်ကြီး၏ မျက်နှာကို တစ်ဖန် ကြည့်မိပြန်လေ၏။

ကျွန်ုပ်။ ။ 'နေစမ်းပါဦးဗျ၊ ခင်ဗျား ခုနကပြောတဲ့ ဇူလိုင်လ ၁၉ ရက်နေ့မှာ ကျွန်တော့်အဖို့ ဘာဖြစ်မှာလဲ၊ ပြောပြစမ်းပါ'



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပိုင်မှတ်တမ်း အဖြစ်ဖြင့်သာ အသုံးချရန် ဖြစ်ပေသည်။ အကာယ်၍ တိုင်းပြည်သို့ တင်ပြရန် လိုခဲ့သော် ဤကိစ္စမျိုးနှင့် အသင့်တော်ဆုံးဖြစ်သည့် စာရေးဆရာကြီး "ရွှေဥဒေါင်း" ထံမှ တစ်ဆင့် တင်ပြလိုသည့် ဆန္ဒရှိရကား၊ ဆရာကြီးထံသို့ ပေးပို့ရန် ရည်ညွှန်းခဲ့ပေသည်။

ဤသည်တို့ကား ဝန်ကြီးကတော်တစ်ဦးထံမှ ပေးပို့လိုက်သော အကြောင်းအရာများကို ဝါကျအနေအထား အနည်းငယ်ပြင်ဆင်၍ ဖော်ပြလိုက်ခြင်း ဖြစ်ပေသည်။ ဇူလိုင်လ ၁၉ ရက်နေ့တွင် ဖြစ်ပွားခဲ့သော အခြင်းအရာများမှာကား သိကြပြီးသည့်အတိုင်းပင် ဖြစ်ပေသတည်း။

[ ဒဂုန်မဂ္ဂဇင်း၊ အတွဲ (၂၂)၊ အမှတ် (၃)၊ ဧပြီလ ၁၉၄၈ ]

## ရိုးလျှင်မိုက်၊ ဆန်းလျှင်ခိုက်

ပဲခူးမြို့အထက် ပဲခူးချောင်းကမ်းတွင် ကျွဲနဖားအမည်ရှိ ရွာကလေးတစ်ရွာ ရှိ၏။ ထိုရွာ၌ လူပျိုကြီး မောင်ရင်မောင်သည် မိခင်မုဆိုးမကြီးကို လုပ်ကျွေးပြုစုလျက်ရှိရာ အလွန်တရာ ရိုးသားခြင်း၊ သူတစ်ပါးတို့၏ မှခင်းကြီးငယ်တို့ကို ပျာပျာသလဲ ဆောင်ရွက်တတ်ခြင်း၊ စိတ်သဘောကောင်းခြင်း စသော ဂုဏ်အခြင်းအရာတို့ကြောင့် ကလေးသူငယ်၊ လူရွယ်၊ လူလတ် မှစ၍ အဘိုးကြီး၊ အမယ်ကြီးများတိုင်အောင် တစ်ရွာလုံးက မောင်ရင်မောင်အား ချစ်ခင်မြတ်နိုးကြ၏။ ဒုမင်္ဂလ၊ သုမင်္ဂလ ကိစ္စများ၌ မောင်ရင်မောင်သည် သူတစ်ပါး၏ ကိစ္စကို မိမိ၏ ကိစ္စကဲ့သို့ ကိုယ်ဖိရင်ဖိနှင့် ဖျတ်လတ်သွက်လက်စွာ ဆောင်ရွက်လျက် ရှိရကား၊ လူတိုင်း၏ ပါးစပ်မှ 'မောင်ရင်မောင်၊ ကိုရင်မောင်' စသည် ဖြင့် တသ ခေါ်ဝေါ်လျက် သူမပါလျှင် ကိစ္စမပြီးနိုင်သလောက် ဖြစ်နေကြလေ၏။ မောင်ရင်မောင်သည် သူတစ်ပါး၏ ကိစ္စကို ဆောင်ရွက်ပေးရာ၌ ဝါသနာအလျောက် ပြုလုပ်ပေးခြင်း ဖြစ်သောကြောင့်၊ အချို့သောသူတို့ကဲ့သို့ "အသားယူခြင်း" လည်း မရှိ၊ မိမိအား ကျေးဇူးတင်ထိုက်သည် ဟူ၍လည်း မမှတ်ယူချေ။ ထို့ကြောင့်လည်း မောင်ရင်မောင်အား ပိုမို၍ တစ်ရွာလုံး ကျေးဇူးတင်ကြ၏။ သူ့အတွက် ဆိုလျှင် အနွမ်းပါးဆုံးသော အမယ်အိုသည်ပင် မိမိ ဆန်အိုး၌ ရှိသောဆန်ကို တစ်ဝက်ခွဲပေးရန် မည်သည့်အခါမဆို အသင့်ရှိမည် ဖြစ်လေသည်။

တစ်နေ့သ၌ ပဲခူးချောင်းကို စုန်ဆန်သွားလာလျက်ရှိသော လှေသူကြီး ဦးတိုးအောင်သည် မိမိလှေအတွက် လှေထိုးသားတစ်ယောက် လိုနေသည် ဖြစ်၍ မောင်ရင်မောင်အား စုံစမ်းကြည့်ရာ၊ မိခင်မုဆိုးမကြီးအား



www.burmeseclassic.com

www.burmeseclassic.com



လုပ်ကျွေးပြုစုခြင်း၌ စိတ်အားထက်သန်ခြင်းရှိသော မောင်ရင်မောင်သည် မိခင်လက်သို့ ငွေပေးအပ်ရန် အခွင့်ပေါ်လာသော ထိုအလုပ်ကို ဝမ်းမြောက်ဝမ်းသာ လက်ခံလေ၏။ နောက်ဆုံး၌ လှေသူကြီးသည် မောင်ရင်မောင်၏ ဖင်ပေါ့သော အဖြစ်ကို သိရှိ၍ အခြားသူများထက် အခကြေးငွေ အနည်းငယ် ပိုမိုပေးရန် ဆုံးဖြတ်ပြီးလျှင်၊ တစ်ဝက်မျှသော ငွေကို စရန်အဖြစ်ဖြင့် ကြိုတင်ပေးကမ်း၍ ကျန်တစ်ဝက်ကို ပြန်လာသော့အခါမှ ပေးကမ်းရန် ကတိထားလေ၏။ မောင်ရင်မောင်သည် လှေသူကြီးထံမှ ရရှိသော စရန်ငွေအနက်မှ တစ်ပြားတစ်ချပ်မျှ သုံးစွဲခြင်းမပြုဘဲ မိခင်လက်ဝယ်သို့ အကုန်အစင် ပေးအပ်၍ မိခင်အား ကန်တော့ပြီးလျှင် အထုပ်အပိုး ပြင်ဆင်လေ၏။ အမယ်ကြီးလည်း မခွဲဖူးသော သားနှင့် ခွဲရမည့်အတွက်ကြောင့် မျက်ရည်စက်လက်ဖြင့် သားနှင့်အတူ ရေဆိပ်သို့တိုင်အောင် လိုက်ပို့လေရာ၊ မောင်ရင်မောင်လည်း မိခင်အား ထပ်လောင်းကန်တော့ပြီးမှ အိပ်ရာလိပ်ကို ထမ်းလျက် လှေပေါ်သို့ တက်ကာ လှေထွက်လာခဲ့လေ၏။

လှေသူကြီးသည် ပဲခူးမြို့မှ ကုန်ပစ္စည်းများ ဝယ်ခြမ်းလာခဲ့ပြီးလျှင် အညာသို့ ဆန်တက်၍ ချောင်းကမ်းပါးတစ်လျှောက်ရှိ ရွာကလေးများသို့ တစ်ရွာစီ ဝင်ထွက်ရောင်းချရန် ဖြစ်လေသည်။ လှေသည် ကျွဲနဖားရွာမှ ဆန်တက်လာခဲ့၍ ၂ ရက်ခရီးမျှ ပေါက်လာသောအခါ ညနေ ၄ နာရီ အချိန်ခန့်တွင် စခန်းတစ်ခုသို့ ဆိုက်ရောက်လေ၏။ ထိုစခန်းမှာ ချောင်းစ၏ အကွေ့ကလေး ဖြစ်သောကြောင့် ရပ်ဆိုက်အိပ်နားရန် သင့်လျော်လှသော်လည်း ထိုနေရာမှာ တောကြမ်းလှကြောင်းနှင့် ခရီးသည်တိုင်းက ပြောကြသောနေရာ ဖြစ်သဖြင့်၊ မောင်ရင်မောင်တို့၏ လှေလည်း ထိုနေရာ၌ ညဥ့်အိပ်ရန် ကြံရွယ်ချက် မရှိချေ။ သို့ရာတွင် ခေတ္တမျှ ရပ်ဆိုက်နားနေရုံနှင့် ကိစ္စမရှိနိုင်ဟု လှေသူကြီးကိုယ်တိုင်က ယူဆသည့်ပြင်၊ နောက်စခန်းသို့ ရောက်အောင် ဆန်တက်ရန် ထိုးဝါးများ စိုက်ကာ လှေဆိုက်ကြလေ၏။ သူတို့၏ အကြံများမှာ ဤနေရာ၌ နေရှိခိုက်အတွင်း ချက်ပြုတ်စားသောက်ကြ၍၊ ကိစ္စပြီးစီးသည်နှင့် တစ်ပြိုင်နက် ဆန်တက်ကြရန် ဖြစ်လေသည်။





သို့ဖြစ်၍ လှေဆိုက်ပြီးသည်နှင့် တစ်ပြိုင်နက် လှေသားများအနက် အချို့က ဆန်ဆေးခြင်း၊ အချို့က ဟင်းအိုးပြင်ခြင်း၊ အချို့က ငါး၊ ငါးခြောက် စသည်တို့ကို ခုတ်ထစ်ခြင်း စသည်ဖြင့် အသီးသီး ပြင်ဆင်လျက်ရှိကြစဉ်၊ လှေသူကြီးက ဖင်ပေါ့လှသော မောင်ရင်မောင်အား ထင်းတစ်ပွေ့လောက် ရှာဖွေရန် စေခိုင်းလိုက်၏။ သွားခါနီး၌ လှေသားအားလုံးတို့က မောင်ရင်မောင်အား ဤနေရာတွင် "တောကြမ်း"သည့် အကြောင်းကို ပြောပြ၍ သတိ ဝီရိယနှင့် သွားရန် မှာကြားလိုက်၏။

မောင်ရင်မောင်သည် လှေမှ ထွက်လာခဲ့၍ ထင်းများ ရှာဖွေလေရာ၊ ထင်းခြောက်များ ရှားပါးလှသည့်နေရာ ဖြစ်သောကြောင့် တစ်ပွေ့လောက်မျှသော ထင်းကိုပင် ခွေ၍မရနိုင်ဘဲ တဝဲလည်လည်နှင့် ဖြစ်နေလေ၏။ သို့နှင့် မိုင်တစ်ဝက်ခန့်မျှ ခရီးပေါက်ရောက်လာခဲ့လေလျှင် မောင်ရင်မောင်သည် ခပ်လှမ်းလှမ်း အရပ်ဆီမှ "ဖော်ကွာဝေး" တေးချင်းကို အလွန်တရာ သာယာကြည်နူးဖွယ်သော အသံဖြင့် ဆွဲငင်ကာ သီဆိုသည့် တေးသံကို ကြားရလေ၏။ မောင်ရင်မောင်သည် သောတအာရုံ၏ အရသာကို ခံစားလျက် တေးသံကြားရာသို့ လိုက်သွားလေရာ၊ ရုပ်ရည်ချောမောလှပ၍ တောသူတို့ ဘာဝအလျောက် သစ်လွင်သော အဝတ်အစားတို့ဖြင့် တင့်တယ်စွာ ဝတ်ထားသည့် မိန်းကလေးတစ်ယောက်ကို ရေတွင်းတစ်တွင်း၌ တွေ့မြင်ရလေ၏။ မိန်းကလေးသည် ရေငင်ရင်း တေးချင်းဆိုလျက်ရှိရာ၊ မောင်ရင်မောင်ကို မြင်သော အခါတွင် ရှုံ့ရှက်သော အမူအရာဖြင့် တေးချင်းကို ရုတ်တရက် ရပ်ထားလိုက်၏။ မောင်ရင်မောင်မှာမူ လူရိုးတစ်ယောက် ဖြစ်သည့်အတွက် သူစိမ်းပြင်ပြင်ဖြစ်သော မိန်းကလေးတစ်ယောက်အား "ဆိုသာ ဆိုပါ" ဟု မပြောဝံ့သောကြောင့်သာ နေရသော်လည်း၊ နားစည်းစိမ် ပြတ်သွားသည့် အတွက်ကြောင့် အခံခက်မတတ် ဖြစ်သွားလေ၏။

မိန်းကလေးသည် ရေပြည့်သော ရေအိုးကို ဦးခေါင်းပေါ်သို့ ပင့်မြှောက်ရန် ကြိုးစားလေရာ၊ မနိုင့်တနိုင် ရှိနေသည့်အတွက်ကြောင့် မောင်



www.burmeseclassic.com

www.burmeseclassic.com



ရင်မောင်အား 'တစ်ဆိတ်ကလေး မောင်ကြီးရှင်၊ ကျွန်မကို တစ်ဖက်လောက် ပင့်ပေးပါ' ဟု လှမ်းပြောလိုက်သည်တွင်၊ လူပျိုကြီး မောင်ရင်မောင့်စိတ်၌ ဤမျှလောက် ချိုသာသောအသံကို တစ်ခါဖူးမျှ မကြားဖူးချေပြီတကား ဟု အောက်မေ့မိ၏။ ထိုကဲ့သို့ အောက်မေ့မိသည်နှင့် တစ်ပြိုင်နက် မောင်ရင်မောင်သည် "တောကြမ်း" သည့် အဖြစ်ကို သတိရသော်လည်း၊ ဤမျှလောက် ချောမောလှပသော မိန်းကလေးတစ်ယောက်နှင့် တောကြမ်းခြင်း တည်းဟူသော အခြင်းအရာမှာ တစ်စုံတစ်ရာမျှ ဆက်သွယ်ခြင်း မရှိနိုင်ဟု စဉ်းစားမိ၏။ သို့ဖြစ်၍ မောင်ရင်မောင်သည် ရေအိုးကို ပင့်ပေးပြီးနောက် မျက်လွှာချကာ ရှိနေသော မိန်းကလေး၏ အဆင်ပြေလှသော မျက်နှာကလေးကို ငေးစိုက်ကြည့်မိရာတွင်၊ မိန်းကလေးသည် ပြုံးချိုရွှင်ပျသော မျက်နှာထားဖြင့် ရုတ်တရက် မော့ကြည့်လျက်–

'မောင်ကြီးက ဘယ်ရွာက၊ ဘာကိစ္စနဲ့ လာခဲ့ပါသလဲရှင်'

'ကျုပ်က ကျွဲနဖားရွာက လှေနဲ့ ဆန်ခဲ့ရာမှာ ထမင်းချက်ဖို့ ထင်းရှာ မရနိုင်လို့ တဝဲလည်လည်ဖြစ်နေတုန်း တေးသီချင်းသံ ကြားလေတော့ ထင်းများ ဘယ်နေရာမှာ ရနိုင်မလဲလို့ မေးရအောင် လာခဲ့ပါတယ်။ တစ်ဆိတ်လောက်များ ထင်းရတဲ့ နေရာကို ညွှန်စမ်းပါဦး'

'ဖြစ်မှဖြစ်ရလေ မောင်ကြီးရှင်၊ ဒီနေရာမှာ ဘယ်က ထင်း ရနိုင်ပါမလဲ၊ ကျွန်မတို့တောင် ဟိုရှေ့က တောင်ရိုးသွားပြီး ခွေကြရတယ်။ နို့ပေမဲ့ ထင်းတစ်ပွေ့ အတွက်တာတော့ မပူပါနဲ့၊ ကျွန်မတို့အိမ် လိုက်ပြီး ယူသွားတာပေါ့'

'နှမတို့အိမ်က ဘယ်နားမှာလဲ'

'ဟောဟိုက ရွာဟာ ကျွန်မတို့ ရွာပါပဲ'

မောင်ရင်မောင်သည် မိန်းကလေး ညွှန်ပြရာအရပ်သို့ ကြည့်လိုက်သောအခါ၊ ကျောင်း ကန် ဘုရားမှစ၍ တောရွာတို့၏ ထုံးစံအတိုင်း အပြည့်အစုံရှိသော ရွာကြီးတစ်ရွာကို မိုင်တစ်ဝက်ခန့် ခရီးလောက်တွင် တွေ့မြင်ရသဖြင့် ယခင်က မိမိ မမြင်မိခြင်းကိုပင် အံ့သြမိသေး၏။





'အဆင်သင့်လိုက်လေဗျာ၊ ဒါဖြင့် ကျုပ် လိုက်ယူပါရစေ နှမရယ်'

'လိုက်ခဲ့ပါ မောင်ကြီး၊ နီးလည်း အနီးသားပဲ'

မောင်ရင်မောင်သည် မိန်းကလေးနှင့်အတူ လိုက်သွား၍ ရွာတွင်းသို့ ဝင်မိကြသောအခါ မိန်းမများသည် ဆန်ဖွပ်ခြင်း၊ မောင်းထောင်းခြင်း စသော အလုပ်များကို လည်းကောင်း၊ ကာလသားများသည် ခြင်းခတ်ခြင်း၊ ကြက်တိုက်ခြင်း စသော ပျော်ပါးမှုများကို လည်းကောင်း၊ ကလေးသူငယ်များသည် ခုံညင်းထိုးခြင်း၊ ဖန်ခုန်ခြင်း စသော ကစားနည်းများဖြင့် ကစားလျက်ရှိခြင်းကို လည်းကောင်း တောရွာတို့၏ ဓလေ့ထုံးစံအလျောက် အသီးသီး ပြုမူလျက် ရှိကြခြင်းများကို တွေ့မြင်ရလေ၏။ အတော်အတန် မြင့်မားသော အိမ်ကြီးတစ်ဆောင်သို့ ရောက်ကြသောအခါ၊ ပြတင်းပေါက်အနီးတွင် ဝတ်ဖြူစင်ကြယ်နှင့် အလျားမှောက်ကာ ဓိနတ္ထပကာသနီ စာအုပ်ကို အသံခပ်ကျယ်ကျယ်ဖြင့် ဖတ်လျက်ရှိသော လူကြီးတစ်ယောက်အား မိန်းကလေးက 'အဖေ အို အဖေ၊ ဟောဒီမှာ ဧည့်သည်တစ်ယောက် လှေက လိုက်လာတယ်၊ ထင်းနည်းနည်း လိုချင်လို့တဲ့' ဟု ပြောလိုက်ရာတွင်၊ လူကြီးသည် စာအုပ်ကို ချထား၍ လောကဝတ်ပျူငှာ ချိုသာသော မျက်နှာထားဖြင့် ထလာပြီးလျှင် အိမ်ပေါက်သို့ ထွက်လာလေ၏။

'ထင်းလိုချင်လို့လား မောင်ရင်ရဲ့၊ ရပါစေ့မယ် မောင်၊ စိတ်ချပါ။ ဒါထက် အိမ်ပေါ် တက်ဦးလေ၊ မောမောပန်းပန်းနဲ့ လက်ဖက်ရည်တစ်ပန်းကန် သောက်သွားပါဦး။ လက်ဖက်ရည်ကရား လက်ဖက်ခြောက်ခတ်ပြီး နှပ်ထားတယ်၊ အဆင်သင့်ပဲ'

မောင်ရင်မောင်သည် ဤမျှလောက် ချောလှသော မိန်းကလေး တစ်ဦးတစ်ယောက်၏ ဖခင်က ဤကဲ့သို့ လောကဝတ်ပျူငှာ ခေါ်ငင်ခြင်းကို ငြင်းဆန်ရန် ခက်လှသောကြောင့်၊ အိမ်ပေါ်သို့ တက်ပြီးလျှင် လက်ဖက်ရည်ပွဲရှေ့တွင် ဝင်၍ ထိုင်လေ၏။ ဘုရားဒကာတစ်ယောက်၏ အသွင်ဖြင့် မွန်ရည်သော ရုပ်လက္ခဏာရှိသည့် လူကြီးသည် မောင်ရင်မောင်အတွက် လက်ဖက်



www.burmeseclassic.com

www.burmeseclassic.com



ရည်ကြမ်း ငှဲ့ပေးလျက်ရှိစဉ် မိန်းကလေးသည် ငါးခြောက်ဖုတ်၊ ထန်းလျက်ခဲ စသည့် တောရွာသဘာဝ အမြည်းများ ပြင်ဆင်ယူလာခဲ့၍ မောင်ရင်မောင်ရှေ့တွင် တည်ခင်းကျွေးမွေးလေ၏။ မောင်ရင်မောင်မှာ တစ်လမ်းလုံး လှေထိုးခဲ့ရသောကြောင့် ဆာလောင်မွတ်သိပ်သည် တစ်ကြောင်း၊ လူကြီးကလည်း လောကဝတ်ပျူငှာ ရှိသည့်ပြင် စကားပြောကောင်းလှသဖြင့် အလျဉ်မပြတ်အောင် ပြောလျက်ရှိသည် တစ်ကြောင်း၊ မိန်းကလေးကလည်း မီးဖိုချောင်နှင့် ဧည့်ခန်းကို လူးလာခတ် ကူးသန်းလျက် မောင်ရင်မောင်နှင့် မျက်နှာချင်းဆိုင်မိတိုင်း မလပ်ရအောင် "ကြာ" ပေးလျက်ရှိသည် တစ်ကြောင်း၊ ထိုသို့သော အကြောင်းများကြောင့် ကျွန်ုပ်တို့၏ လူရိုးကြီး မောင်ရင်မောင်မှာ လှေကိုလည်း သတိမရ၊ မိန်းကလေး၏ ချစ်ခင်ဖွယ်ရာ ကောင်းလှသော ရုပ်ဆင်းသဏ္ဌာန်မှလွဲ၍ ဘာကိုမျှ သတိမရဘဲ တစ်နာရီကျော်မျှတိုင်အောင် စကားကောင်းနေမိခဲ့လေ၏။

နောက်ဆုံး၌ မောင်ရင်မောင်သည် ဝမ်းဗိုက် အတော်တောင့်တင်းလာခဲ့သည်နှင့် လှေမှလူများ ဆာလောင်ကြမည့် အကြောင်းကို ရုတ်တရက် သတိရသည်နှင့်၊ အိမ်ရှင်များအား နှုတ်ဆက်ပြီးလျှင် ထင်းစည်းကို ထမ်းလျက် ရွာမှ ထွက်လာခဲ့လေသည်။

*

လှေသားများမှာမူ ဆန်ဆေးခြင်း၊ ငရုတ် ကြက်သွန် ထောင်းခြင်းမှစ၍ ချက်ပြုတ်ရန် ဟူသမျှကို စီမံပြီးကြသော်လည်း၊ မောင်ရင်မောင် မပြန်လာသေးဘဲ ရှိရာတွင် ပထမ၌ မြည်တွန်တောက်တီးကြ၏။ ထိုမှ အတန်ကြာသည်ထက် ကြာခဲ့ပြန်သော အခါ၌မူကား မောင်ရင်မောင့် အကြောင်းကို သိပြီးဖြစ်သော လှေသားများသည် အကြောင်းတစ်စုံတစ်ခု မရှိဘဲ မည်သည့်နည်းနှင့်မျှ ဤမျှလောက် အချိန်ဖြုန်းတီးမည် မဟုတ်ကြောင်းကို စဉ်းစားမိကြသည်နှင့်၊ အခြား လူတစ်ယောက်မျှသာလျှင် လှေ၌ အစောင့်ထားခဲ့ပြီးလျှင် လှေသားအားလုံးသည် မောင်ရင်မောင်ကို ရှာဖွေရန် ထွက်လာခဲ့ကြ





လေ၏။ ထိုသူတို့သည် ပတ်ဝန်းကျင်အရပ်တို့၌ ပတ်ပတ်လည်လှည့်ကာ ခေါ်ခြင်း၊ အော်ဟစ်ခြင်း စသည်တို့ဖြင့် အမျိုးမျိုး ပြုလုပ်ကြပါသော်လည်း မောင်ရင်မောင်က ပြန်လည်၍ ထူးခြင်းကို မကြားရကြချေ။

ထိုအချိန်၌ကား နေဝင်လုဆဲဆဲ ရှိနေပြီ ဖြစ်သောကြောင့် ငှက်များသည် အိပ်တန်းတက်စ ပြုကြပြီးဖြစ်ရာ၊ လှေသားများက 'မောင်ရင်မောင်ရေ' ဟု ဟစ်အော်ကြသော အခါတိုင်း အိပ်တန်းများမှ လန့်ဖျပ်ပျံထွက်ကြသည့် တောငှက်များ၏ အသံများကို လည်းကောင်း၊ ချုံပုတ်များမှ ထိတ်လန့်ထွက်ပြေးသွားကြသော တောခွေး၊ ချေ စသည့် တောတိရစ္ဆာန်များ၏ ခြေသံများကို လည်းကောင်း ကြားကြပေရာ မောင်ရင်မောင်၏ ထူးသံကိုမူကား တစ်ခါတစ်ရံမျှ မကြားကြရချေ။

နောက်ဆုံး လှေသားများသည် စိတ်ပျက်အားလျှော့ကာဖြင့် လှေသို့ ပြန်လာကြ၍ လှေသူကြီးအား အကျိုးအကြောင်း ပြောပြကြလေရာ၊ လှေသူကြီးက 'ငါတော့ဖြင့် မထင်တော့ပါဘူးကွယ်၊ မောင်ရင်မောင်တစ်ယောက်တော့ မကောင်းဆိုးဝါးလက်ချက် မိသွားပြီထင်ပါရဲ့။ ဖြစ်မှဖြစ်ရလေကွယ်' စသည်ဖြင့် ညည်းညူပြောဆိုပြီးနောက်၊ ဆာလောင်မွတ်သိပ်ခြင်းကို သတိမရနိုင်အောင် ရှိနေကြသော လှေသားအားလုံးတို့သည် ထိုဆိပ်မှ ထွက်ခွာရန် ပြင်ဆင်ကြလေ၏။ ထိုးဝါးများနုတ်၍ လှေကို ဆိပ်မှ ထွက်ခွာကြပြီးနောက် လှေသားများသည် ရှိလိုရှိငြား သဘောထားနှင့် အသံညီညာစွာ တစ်ပြိုင်တည်း ကုန်း၍ 'မောင်ရင်မောင်ရေ' ဟု နောက်ဆုံးအကြိမ် ဟစ်အော်ကြပါသော်လည်း ပဲ့တင်သံမျှသာလျှင် ပြန်လာ၍ မောင်ရင်မောင်၏ ထူးသံကိုမူကား မကြားကြရချေ။ သို့ဖြစ်၍ ညစာ ငတ်မွတ်ခြင်းကိုမျှ သတိမရသော လှေသားများသည် ညှိုးငယ်လှစွာသော မျက်နှာထားဖြင့် စိတ်မပါ လက်မပါ ဆန်တက် သွားကြရလေကုန်၏။

*

မောင်ရင်မောင်သည် ထင်းစည်းကိုထမ်းလျက် တစ်လမ်းလုံး ရပ်နားခြင်း မရှိဘဲ ကဆုန်ချီကာ ပြေးလာခဲ့သဖြင့် မောကြီးပန်းကြီးနှင့် လှေဆိပ်သို့



www.burmeseclassic.com

www.burmeseclassic.com



ဆိုက်ရောက်လာခဲ့သောအခါ လှေမှာကား မရှိတော့ချေ။ မျှော်၍ကြည့်သော်လည်း မမြင်၊ အော်၍ခေါ်သော်လည်း မကြားတော့ချေ။

ထိုအချိန်၌ကား မှောင်စ ပြုလာပြီဖြစ်ရာ စိတ်ပျက်အားလျော့စွာ မောင်ရင်မောင်သည် ထင်းစည်းကိုထမ်းလျက် ယခင်ကရွာသို့ ပြန်သွားရလေ၏။ အတန်ငယ် သွားမိလတ်သော် လုံးလုံးမှောင်လာပြီ ဖြစ်သော်လည်း ရှေ့က ရွာမှ မီးကလေးများ တလက်လက် မြင်ရသည်နှင့် လမ်းမမှားနိုင်ဘဲ မီးရောင်မြင်ရာသို့ မျက်နှာမူလျက် သွားခြင်းအားဖြင့် နောက်ဆုံး၌ ထိုရွာသို့ ပြန်လည် ဆိုက်ရောက်ခဲ့လေ၏။ ရွာအဝင် နောက်ကျသော နွားကျောင်းသားများသည် နွားအုပ်များ တောမှ မောင်းနှင်ပြန်လာကြခြင်းများကိုပင် တွေ့မြင်ရသေး၏။

မမြစိန်းနှင့် သူ၏ဖခင်တို့ နေအိမ်သို့ မောင်ရင်မောင် ပြန်ရောက်လာသောအခါ၊ မမြစိန်းက အားရရွှင်လန်းစွာ ခရီးဦးကြိုပြုသည့်ပြင် ဖခင်ဖြစ်သူလည်း အနည်းငယ်မျှ ပူပန်စိုးရိမ်ဖို့ မရှိကြောင်း၊ လှေသူကြီး ဦးဖိုးကော်မှာ မိမိ၏မိတ်ဆွေ ဖြစ်ကြောင်း၊ သူ့လှေသည် အဆန်ခရီးတွင် ဤရွာသို့ မဝင်သော်လည်း အစုန်၌ကား ဧကန်မုချ ဝင်ရမည် ဖြစ်ကြောင်း၊ သို့ဖြစ်၍ မောင်ရင်မောင်အား ဤအိမ်၌ စားသောက်တည်းခို နေထိုင်ပြီးလျှင် လှေအစုန်တွင် ပြန်၍ လိုက်နိုင်ကြောင်းများနှင့် အားပေးစကား ပြောကြားသောအခါတွင် မောင်ရင်မောင်သည် စိတ်ပူပင်သင့်သလောက် ပူပင်ခြင်း မဖြစ်ဘဲ မမြစိန်း၏ ရွှင်ပျသောမျက်နှာကို မြင်ရခြင်းအားဖြင့် စိတ်နှလုံး ချမ်းမြေ့သက်သာခွင့် ရရှိခဲ့လေ၏။

မောင်ရင်မောင်သည် ထိုအိမ်တွင် တည်းခိုနေထိုင်ရင်း မကြာမီအတွင်း မမြစိန်းနှင့် ချစ်ကြိုက်စုံမက်ကြလေရာ ဖခင်ဖြစ်သူကလည်း သဘောတူရင်းစွဲ ဖြစ်ရကား၊ တစ်လခန့်မျှ အတွင်း၌ပင် မောင်ရင်မောင်နှင့် မမြစိန်းတို့မှာ ကျေးရွာလူကြီးများ အစုံအညီဖြင့် ထိမ်းမြားလက်ထပ် ကြလေကုန်၏။ မောင်ရင်မောင်သည် မိမိအား မြတ်နိုးချစ်ခင် ခုံမင်ကြည်ဖြူလှစွာသော





မမြစိန်းနှင့် အကြောင်းဆက်၍ ပေါင်းဖက်နေထိုင်ရမည် ဖြစ်သောကြောင့် ပျော်ရွှင်မြူးထူး ကြည်နူးနှစ်သိမ့်စွာ ရှိနေရကား လှေကို လည်းကောင်း၊ ရွာကို လည်းကောင်း၊ မိခင်ကို လည်းကောင်း သတိမေ့လျော့မတတ် ရှိနေခဲ့လေ၏။

*

လှေသူကြီးနှင့်တကွ လှေသားများသည် အထက်မြစ်ညာ၌ ကုန်စည်များ ရောင်းချ ကုန်ခန်းခဲ့ပြီးနောက် ထိုလမ်းမှပင် စုန်ဆင်းသွားကြလေရာ၊ မောင်ရင်မောင်မှာမူ လှေကို စောင့်မျှော်ဖို့မျှပင် သတိမရတော့ချေ။ လှေသူကြီးသည် ကျွဲနဖားရွာသို့ ပြန်လည်ဆိုက်ရောက်သောအခါ မောင်ရင်မောင်၏ မိခင်ထံ သွားရောက်၍ မောင်ရင်မောင်မှာ တောကြမ်းသော နေရာတစ်ခု၌ မကောင်းဆိုးဝါးများ ဖမ်းစားသဖြင့် အသက်ဆုံးရှုံးခဲ့ရှာပြီ ဖြစ်ကြောင်း၊ မိမိတို့သည် မောင်ရင်မောင်ကို ပြန်တွေ့ဖို့အတွက် အထူးလုံ့လပြုကာ မွှေနှောက်လိုက်လံစုံထောက်ပါသော်လည်း အချည်းနှီးပင် ဖြစ်ခဲ့ကြောင်းများနှင့် ပြောပြပြီးလျှင်၊ မောင်ရင်မောင် ရသင့်ရခွင့်ရှိသော ငွေအနက်မှ အနည်းငယ်မျှ ခုနှိမ် နုတ်ယူခြင်း မပြုဘဲ အမယ်ကြီးလက်ဝယ်သို့ အပြည့်အဝ ပေးအပ်ရုံမျှမက ဆွမ်းသွတ်ရန်အတွက်ကိုပင် ဖြည့်စွက် လှူဒါန်းခဲ့သေး၏။ မိခင် မုဆိုးမကြီးသည် မိမိ အားကိုးရာ တစ်ယောက်တည်းသော သားဖြစ်သည့်အလျောက် ရင်ကွဲမတတ် သောကမီး တောက်လောင်လျက် ဗုဒ္ဓဘာသာ မြန်မာတို့ ထုံးစံအတိုင်း ဆွမ်းသွတ်လောင်းခြင်း ပြုလေရာ၊ တစ်ရွာလုံးရှိ ကလေးသူငယ် လူရွယ် လူလတ်မှ စ၍ အဘိုးကြီး၊ အမယ်ကြီးများတိုင်အောင် စုတ်တသပ်သပ်နှင့် ဖျပ်ဖျပ်လူးမျှ ဒုက္ခရောက်ကြရလေကုန်၏။

*

မိုးကလေးက တဖြောက်ဖြောက်နှင့် စိတ်ကယောက်ကယက် ဖြစ်တတ်သည့် ဥတုရာသီမျိုး ကြုံကြိုက်သော တစ်နေ့တွင် မောင်ရင်မောင်သည် မိမိမွေးဖွားရာ ဇာတိဖြစ်သော ကျွဲနဖားရွာကို လည်းကောင်း၊ အပေါင်းအဖော် သူငယ်



www.burmeseclassic.com

www.burmeseclassic.com



ချင်းများကို လည်းကောင်း၊ မိခင် မုဆိုးမကြီးအား လည်းကောင်း လွမ်းဆွတ်တမ်းတသော စိတ်များ ပေါ်ပေါက်လာခဲ့လေ၏။ သို့ဖြစ်၍ မောင်ရင်မောင်သည် ဇနီးသည် မမြစိန်းအား အကျိုးအကြောင်း ပြောပြ၍ မိမိ၏ရပ်ရွာသို့ ခေတ္တခဏမျှ ပြန်လည်သွားရောက်ခွင့် ပြုပါရန် ခွင့်ပန်လေရာ၊ မမြစိန်းက မိမိမှာ ပဋိသန္ဓေ အရင့်အမာ ရှိနေပြီ ဖြစ်သောကြောင့် မွေးဖွားပြီးမှ သွားရောက်ဖို့ အကြောင်းနှင့် ဖျောင်းဖျပြောဆို တားဆီးလေ၏။ မွေးဖွားခြင်းကိစ္စပြီးစီးသော အခါ၌လည်း မမြစိန်းက သားငယ် ကြီးပြင်းအောင် စောင့်ကြိုဖို့ အကြောင်းနှင့် ထပ်လောင်း တားဆီးပြန်ပြီးလျှင်၊ ယောက္ခမ မိဘကို မိမိကိုယ်တိုင် မြင်တွေ့လိုသေးသည် ဖြစ်သောကြောင့် သားငယ် ကြီးပြင်းသည်နှင့် တစ်ပြိုင်နက် မိမိလည်း အတူတကွ လိုက်ပါမည် ဖြစ်ကြောင်းနှင့် အချိန်ဆွဲ၍ ထားပြန်၏။ ယင်းကဲ့သို့ တစ်လမှတစ်လ၊ တစ်နှစ်မှ တစ်နှစ်သို့ တိုင်အောင် တဖြည်းဖြည်း ရွှေ့ဆိုင်းလာခဲ့ရာ နောက်ဆုံး၌ တစ်ယောက်တည်းသော သားငယ် မောင်ပိန်သည် ၁၀ နှစ်သား အရွယ်သို့တိုင် ရောက်ခဲ့လေ၏။ ထိုအခါ၌မူကား မမြစိန်းသည် ထပ်လောင်း၍ အချိန်မဆွဲတော့ဘဲ အတူလိုက်ပါရန် သဘောတူညီခဲ့ရာ၊ သားအဖ သုံးယောက်တို့သည် လှေတစ်စင်းဖြင့် ချောင်းမှ စုန်ဆင်းရန် စီမံကြလေ၏။

တစ်နေ့သ၌ မောင်ရင်မောင်တို့ သားအဖ သုံးယောက်သည် မမြစိန်း၏ ရွာမှ လှေတစ်စင်းဖြင့် စုန်ဆင်းလာခဲ့ကြလေရာ ကျွဲနဖားရွာသို့ ချောမောညီညွတ်စွာပင် ဆိုက်ရောက်လာခဲ့ကြပေ၏။ မိခင် မုဆိုးမကြီးနှင့်တကွ ရွာသားတို့သည် သေစာရင်းသွင်းထားသော မောင်ရင်မောင်မှာ တင့်တယ်စွာ ဝတ်စားဆင်ပြင်ထားသော သားမယားများနှင့်တကွ ကျန်းမာချမ်းသာစွာ ဆိုက်ရောက်လာကြောင်း တွေ့မြင်ကြရသောအခါတွင်၊ ရွှင်လန်းဝမ်းမြောက်လှသော အမူအရာနှင့် သူ့ထက်ငါ တိုးဝှေ့ကြိုဆို နှုတ်ဆက်ကြလေ၏။ မောင်ရင်မောင်တို့ သားအဖတစ်စု ဆိုက်ရောက်လာကြပြီးသည့် ၄-၅ ရက်အတွင်း၌ တစ်ရွာလုံးသည် အခြားစကားများကို ပြောဆိုရန် သတိမရဘဲ





"အံ့ဩလောက်ပါပေရဲ့တော်၊ နေလည်း နေနိုင်တဲ့ လူတစ်ယောက်ပါပေပဲတော်၊ သားကလေးကလည်း လှလှ၊ မယားကလည်း ဝဝ၊ ရလည်း ရတတ်ပါပေရဲ့တော်" စသည်ဖြင့် တောသူတောင်သားတို့ဘာဝ မျက်မှောက် မျက်ကွယ် မရှောင် ချီးမွမ်းပြောဆိုကြလေရာ၊ မောင်ရင်မောင်တို့၏ အိမ်ကလေးမှာ ဧည့်ပရိသတ်များဖြင့် မဆံ့အောင် ရှိနေ၍ လက်ဖက်ရည်ကြမ်းအိုးမှာလည်း ခွင်ပေါ်မှ ချရတော့သည် မရှိချေ။

မမြစိန်းမှာ ကျွဲနဖားရွာ၌ အချိန်အတန်ကြာ နေထိုင်ရန် အကြံရှိဟန် လက္ခဏာဖြင့် ရွာသူရွာသားတို့၏ ချစ်ခင်မြတ်နိုးခြင်းကို ခံယူရန် ကြံရွယ်ချက် ရှိသည့်အလျောက်၊ အိမ်ဆိုင်ကလေးတစ်ဆိုင် တည်ထောင်ဖွင့်လှစ်လေ၏။ မမြစိန်းသည် မရှိနွမ်းပါးသူများအား ရက်ရောစွာ ကြွေးပေးခြင်း၊ ပေးထားသော ကြွေးမြီများကို ပြန်လည်တောင်းခံခြင်း မပြုဘဲ ပေးဆပ်သောအခါမှ ယူလိုက်ခြင်း၊ ကြွေးဟောင်းကို မဆပ်စေကာမူ ကြွေးသစ် ထပ်မံပေးရန် ဆိုင်းတွ တွန့်တိုသည် မရှိခြင်း စသော ဂုဏ်အခြင်းအရာတို့ကြောင့် မကြာမီအတွင်း တစ်ရွာလုံးက "မယ်မင်းကြီးမ တော်ပါပေသည်၊ သဘောထား ကြီးပါပေသည်၊ ရက်ရောပါပေသည်" စသည်ဖြင့် ချီးမွမ်းထောမနာပြုကြသည့်ပြင် "ဒီလင် ဒီသား ဒီမိသားစုတို့ အိုအောင်မင်းအောင် ပေါင်းကြရပါစေ၊ ချမ်းသာကြပါစေ" ဟူ၍လည်း ဆုတောင်းမေတ္တာ ပို့သကြလေကုန်၏။ ယင်းသို့ဖြစ်ရကား မမြစိန်းတို့ ဆိုက်ရောက်လာကြပြီးသည့်နောက် တစ်နှစ်ခန့်အတွင်းတွင် မမြစိန်းသည် ၎င်းရွာတွင်မျှမက ရွာနီးချုပ်စပ်အရပ်ဟူသမျှ၌ပင် ဩဇာအကောင်းဆုံး၊ ချစ်ခင်သူ အပေါဆုံး၊ ဂုဏ် အကြီးမြင့်ဆုံးသော သူတစ်ယောက် အဖြစ်သို့တိုင် ရောက်လာခဲ့လေ၏။

ထိုအတောအတွင်း ငညို အမည်ရှိ ဘိန်းစားတစ်ယောက်သည် မမြစိန်း၏ နေအိမ်သို့ နေ့ရောညပါ ဝင်ထွက်ကာ ချိုးရေခပ်ပေးခြင်း၊ သနပ်ခါးသွေးပေးခြင်း၊ ထင်းပေါက်ပေးခြင်း၊ ကုန်ပစ္စည်း သည်ပိုးထမ်းရွက်ပေးခြင်း စသည့် အလုပ်ကြမ်းဆိုင်ရာ ကိစ္စအရပ်ရပ်တို့ကို မပြတ်မလပ် ဆောင်ရွက်



www.burmeseclassic.com

www.burmeseclassic.com



လေ့ ရှိ၏။ မမြစိန်းသည် ညနေ ဘိန်းရှူချိန်တိုင် ရောက်တိုင်း ငညိုအား ပိုက်ဆံတစ်မတ်မျှ ပေးလေ့ရှိရာ၊ ငညိုသည် မိမိအား ဘိန်းစရိတ် မှန်မှန် ထောက်ပံ့သော မမြစိန်းအား အသက်သခင် ကျေးဇူးရှင်တစ်ဦးကဲ့သို့ ချစ်ခင်ကြည်ညိုခြင်း ရှိရကား၊ မမြစိန်းအတွက်ဆိုလျှင် အသက်ကို အသေခံဖို့ အသင့်ရှိ၏။

သားငယ်မောင်ပိန် ၁၃ နှစ်သား အရွယ်တိုင် ရောက်လေလျှင် မမြစိန်းသည် ရှင်ပြုရန် စီမံလေ၏။ ထိုအတောအတွင်း မမြစိန်းသည် ရွာဦး၌ စေတီတော်တစ်ဆူ တည်လျက်ရှိရာ သားရှင်ပြုကိစ္စနှင့် စေတီထီးတင်ခြင်း ကိစ္စကို တစ်ပြိုင်တည်း ဆောင်ရွက်ရန် ကြံရွယ်ထားခဲ့၏။ သို့ဖြစ်၍ လှူဖွယ်ဝတ္ထုနှင့် ထီးတော်ဝယ်ယူရန်အတွက် မောင်ရင်မောင်အား တပည့်များနှင့်တကွ ပဲခူးမြို့သို့ လှေကြီးတစ်စင်းဖြင့် စေလွှတ်ရန် စီမံထား၏။ မောင်ရင်မောင်တို့ မသွားမီ တစ်လ၊ နှစ်လ အချိန်မှစ၍ မမြစိန်းသည် လူရိုးကြီး မောင်ရင်မောင်အား ပဲခူးသို့သွား၍ ပြန်လာသောအခါတွင် မိမိတို့လှေပေါ်၌ မည်သူ တစ်ဦးတစ်ယောက်မျှ တင်ဆောင် ခေါ်ဆောင်လာခဲ့ခြင်း မပြုပါရန် အတန်တန် အထပ်ထပ် နေ့ညမပြတ် မှာထားသွန်သင်လျက် ရှိ၏။ မမြစိန်းသည် နံနက်၌ ထိုအချက်ကို အလွန်တရာ အရေးတကြီးထားသည့် လက္ခဏာဖြင့် မောင်ရင်မောင်အား ညအခါများ၌ပင် နှိုး၍ သွန်သင်မှာထားလေ့ ရှိ၏။ 'ကိုရင်မောင် ကျွန်မမှာတာ မမေ့နဲ့နော်' ဟူသော စကားကို မမြစိန်းသည် နံနက်၌ လည်းကောင်း၊ အိပ်ရာဝင်၌ လည်းကောင်း၊ အိပ်ရာထ၌ လည်းကောင်း အကြိမ်ကြိမ် အဖန်ဖန် အတန်တန် မှာထားလေ့ရှိရကား၊ မောင်ရင်မောင်မှာ နားပူလှပြီ ဖြစ်သောကြောင့် တစ်ခါတစ်ရံ ငေါက်ဆတ်ဆတ်ပင် တုံ့ပြန်ပြောဆိုလေ့ ရှိ၏။ ထိုသို့သော အခါများ၌ မမြစိန်းက 'စိတ်မဆိုးပါနဲ့ ကိုရင်မောင်ရယ်၊ ရှင် မေ့မှာ စိုးရိမ်လွန်းလို့ ကျွန်မက အထပ်ထပ် သတိပေးရတာပါ ကိုရင်မောင်ရဲ့' ဟု ပြောလေရာ၊ မောင်ရင်မောင်ကလည်း 'မမေ့ပါဘူးကွယ် မင်းဟာက နားပူလွန်းလှတယ်၊ မမေ့ပါဘူးလို့ တစ်ခါပြောထားရင် တော်ရောပေါ့ကွယ့်' ဟု ပြောလေ့ရှိ၏။





ပဲခူးသို့ စုန်ဆင်းမည့်နေ့၌ မမြစိန်းသည် သားကလေးကို လက်ဆွဲလျက် ရေဆိပ်သို့တိုင်အောင် လိုက်ပို့လေရာ၊ မောင်ရင်မောင်သည် တပည့်များနှင့် အတူ လှေပေါ်သို့ တက်ကြပြီးနောက် လှေလည်း ရေဆိပ်မှ ခွာထွက်လေ၏။ မမြစိန်းသည် သားကလေး၏လက်ကို ကိုင်ဆွဲကာ ကုန်းပေါ်မှ လက်ယပ်၍ပြရင်း 'ကိုရင်မောင် ကျွန်မ မှာတာ မမေ့နဲ့နော်' ဟု အော်ပြောလိုက်ရာ၊ မောင်ရင်မောင်မှာ ယီးတီးယားတား ဖြစ်နေရာမှ 'အေး အေး၊ သြော် သြော်၊ သနပ်ခါးခေါက် ပြောတာလား၊ မမေ့ပါဘူးကွယ်၊ စိတ်ချပါ' ဟု ပြန်ပြောလိုက်၏။ ထိုအခါ မမြစိန်းမှာ မိမိက အထပ်ထပ် မှာကြားထားသော အရာကို မေ့သွားရချေမည်လောဟု စိတ်ဆိုးခြင်း၊ အံ့သြခြင်း၊ ထိတ်လန့် စိုးရိမ်မိခြင်း ဖြစ်သွားရာမှ နောက်ဆုံး၌ ဤမျှလောက် ထပ်ခါတလဲလဲ မှာထားသော အခြင်းအရာတစ်ခုကို မေ့နိုင်မည် မဟုတ်၊ လူမသိစေလိုသော သဘောဖြင့်သာလျှင် လွှဲဖယ်၍ ပြောခြင်း ဖြစ်တန်ရာသည်ဟု စဉ်းစားကာ ဇဝေဇဝါနှင့်ပင် ငေးမျှော်လျက် ကျန်နေရှာလေသည်။

*

မောင်ရင်မောင်သည် ပဲခူးမြို့သို့ ဆိုက်ရောက်၍ ဝယ်ခြမ်းရန် ပစ္စည်းစာရင်းအတိုင်း ဘုရားထီးတော်မကျန် စုံလင်စွာ ဝယ်ခြမ်းပြီးနောက် တပည့်များနှင့် ရွာသို့တစ်ဖန် ဆန်တက်လာခဲ့လေ၏။

လမ်းခရီး၌ တစ်ခုသော စခန်းတွင် ဆိုက်ကပ်၍ အိပ်ကြလေရာ၊ မောင်ရင်မောင်တို့၏ လှေသည် အခြားသော လှေကြီး နှစ်စင်းနှင့်အတူ ယှဉ်ကပ်ကာ ဆိုက်ထားလေ့၏။ သန်းခေါင်နီးပါး အချိန်တိုင်ရောက်၍ လှေထိုးသားများနှင့်တကွ လှေသူကြီးများသည် ခရီးပန်းလာကြသည့်အလျောက် ဟောက်သူက ဟောက်၊ ယောင်သူက ယောင်၊ ညည်းသူက ညည်း၊ အနည်းနည်း အဖုံဖုံ အထုံဝါသနာ တစ်မျိုးစီဖြင့် အိပ်စက်လျက် ရှိကြစဉ်၊ အစွန်ဆုံးလှေမှ လူတစ်ယောက်သည် ပုရပိုက်တစ်ဆူမှ သိုက်စာများကို အသံကျယ်စွာ ဖတ်လျက်ရှိ၏။ မောင်ရင်မောင်တို့၏ လှေမှ လှေထိုး



www.burmeseclassic.com

www.burmeseclassic.com



သား တစ်ယောက်သည် တစ်စုံတစ်ခုသော အကြောင်းကြောင့် ရုတ်တရက် အိပ်မပျော်နိုင်ဘဲ ရှိရာတွင် အခြားလှေမှ စာဖတ်သံကို နားစိုက်၍ ထောင်နေမိ၏။ ထိုသူ ဖတ်လျက်ရှိသော သိုက်စာ၌ "ကျွဲနဖားရွာ၊ လင်အမည် မောင်ရင်မောင်၊ မယားအမည် မမြစိန်း၊ သားအမည် မောင်ပိန်၊ သားရှင်ပြု၊ ဘုရားထီးတင်၍ မမြစိန်း လူဖြစ်၏။ သိုက်ကန်း" စသည်ဖြင့် ဖတ်နေသံကို မောင်ရင်မောင်၏ တပည့်က ကြားရ၏။ ထိုအခါ တပည့်မောင်ကြွယ်သည် ဤသို့ စဉ်းစားမိ၏။ "ရွာအမည်လည်း တူ၏၊ လူအမည်များမှာ ငါ၏ ဆရာ၊ ဆရာကတော်နှင့်တကွ အားလုံးကုန် တူလေ၏။ သိုက်ကန်းဟူ၍ လည်း ဆိုထား၏။ ထူးဆန်းလှ၏။ ငါ သွား၍ မေးမြန်းစုံစမ်းချေအံ့" ဟု အကြံရပြီးလျှင် အသံကြားရာ အစွန်ဆုံးလှေသို့ တိတ်တဆိတ် ကူးသွားလေ၏။

မောင်ကြွယ်သည် သိုက်ဆရာနှင့် တွေ့ရသောအခါတွင် 'နေစမ်းပါဦး ဆရာရယ်၊ ဆရာ ခုနက ဖတ်တဲ့စာက သိုက်စာ မဟုတ်လား'

'ဟုတ်ပါတယ် မောင်၊ နို့ပေမဲ့ သိုက်ကန်းကြီးပါပဲ'

'သိုက်ကန်းဆိုတာ ဘယ့်နှာဆရာ'

'သိုက်ကန်းဆိုတာ ဥစ္စာစောင့်မက လူဖြစ်သွားလို့ ပစ္စည်းတွေ မရှိရစ်တော့ဘူးဆိုတဲ့ အဓိပ္ပာယ် မောင်ရဲ့'

'လူမဖြစ်သေးဘူး ထင်တယ် ဆရာရဲ့။ ဆရာ့စာထဲမှာ ပါတဲ့အတိုင်း အခုမှ သားရှင်ပြု၊ ဘုရားထီးတင်မယ်လို့ ထီးရော၊ ပစ္စည်းတွေရော ဝယ်ခြမ်းလာခဲ့တုန်း ဆရာရဲ့'

'မောင်က ဘယ့်နှယ်သိသလဲ'

'သိဆို ကျွန်တော့်ဆရာနဲ့ ဆရာကတော်ပဲ ဆရာရဲ့'

ထိုအခါ သိုက်ဆရာသည် စိတ်အားထက်သန်လှစွာသော အမူအရာဖြင့် မောင်ကြွယ်အား အခြင်းအရာ အတ္ထုပ္ပတ္တိကို စုံစမ်းမေးမြန်းလေရာ၊ မောင်ကြွယ်ကလည်း မောင်ရင်မောင်နှင့် မမြစိန်းတို့၏ အဖြစ်အပျက်ကို မိမိ သိရှိသလောက် ပြန်ပြောင်း ပြောပြလေ၏။





နောက်ဆုံး၌ သိုက်ဆရာသည် မောင်ကြွယ်ထံမှ သိလိုသမျှ သိရှိရပြီးသဖြင့် မောင်ကြွယ်အား 'ကိုင်း တစ်ခါဖြင့် မင်းနဲ့ငါ တစ်သက်လုံး ချမ်းသာလောက်တဲ့ ကော်ပေါက်ကြီး တွေ့ပြီ။ သို့သော် နှုတ်လုံပေစေကွယ့်နော်၊ ဘယ်သူ့မျှ မပြောနဲ့ ကြားလား'

'စိတ်ချပါ ဆရာရယ်'

'ကိုင်း၊ သို့သော် မင်းတို့လှေနှင့် ငါလိုက်ရအောင် စီစဉ်ကြဖို့အရေး လိုသေးတယ်'

ထိုနောက် မောင်ကြွယ်နှင့် သိုက်ဆရာသည် နာရီဝက်ခန့်မျှ ဆက်လက် တိုင်ပင်ကြပြန်ရာ အရပ်ရပ်ကိစ္စ ညှိနှိုင်း တိုင်ပင်ပြီးသောအခါမှ မောင်ကြွယ်သည် မိမိ၏ လှေသို့ ပြန်လာခဲ့လေ၏။

*

နံနက်လင်းသောအခါ သိုက်ဆရာက မောင်ရင်မောင်တို့၏ လှေဘက်သို့ ဟစ်အော်ခေါ်ငင် နှုတ်ဆက်ပြီးနောက် 'ဟိုဘက်က ဆရာတို့လှေက ဘယ်အထိ ဆန်ကြမှာလဲဗျ' ဟု မေးရာတွင်၊ အချိတ်အဆက် ပြုလုပ်ထားပြီးဖြစ်သော မောင်ကြွယ်က 'ကျွဲနဖားရွာထိအောင် ဆန်ကြမလို့ပါ ခင်ဗျာ' ဟု ပြန်ပြောလိုက်လေ၏။ ထိုအခါ မောင်ရင်မောင်သည် လက်ဖက်ရည်ကြမ်းသောက်နေရာမှ သိုက်ဆရာ၏ လှေဘက်သို့ လှမ်းကြည့်လိုက်၏။

ဆရာ။ ။ 'အဆင်သင့်လိုက်လေဗျာ၊ ကျွန်တော့်နှမတစ်ယောက်နဲ့ ကွဲနေတာ ၁၀ နှစ်ကျော် ရှိသွားပြီ။ ကျွဲနဖားရွာ ရောက်နေတယ်လို့ သတင်းကြားပါတယ်။ တွေ့ချင်လွန်းလို့ လိုက်ပါရစေဗျာ၊ ခင်ဗျားတို့ လှေသူကြီးကော'

ကြွယ်။ ။ 'ရှိပါတယ် ခင်ဗျာ၊ ဟောဒီ လက်ဖက်ရည်ကြမ်းသောက်နေတာ ကျုပ်တို့ ဆရာကြီးပါပဲ'

ထိုအခါ သိုက်ဆရာသည် စကားပြောကောင်းသူ ဖြစ်သည့်အတိုင်း ကွဲကွာနေသော နှမအကြောင်းနှင့် စပ်လျဉ်း၍ သနားလောက်အောင် လှိုက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်လှဲလှဲ ချွဲချွဲပျစ်ပျစ် နှစ်နှစ်ကာကာ ပြောပြရာတွင်၊ လူတစ်ဖက်သားအား သနားတတ်သော မောင်ရင်မောင်သည် မယား မမြစိန်း၏စကားကို မေ့လျော့ပြီးလျှင် အတူလိုက်ရန် လက်ခံမိလေ၏။ သို့ဖြစ်၍ သိုက်ဆရာသည် မိမိ၏ အထုပ်အပိုးကလေးများကို သယ်ယူလျက် မောင်ရင်မောင်၏လှေသို့ ပြောင်းရွှေ့လာခဲ့ရာ၊ အခြား လှေနှစ်စင်းက အောက်ဘက် စုန်သွားကြသောအခါတွင် မောင်ရင်မောင်တို့၏လှေသည် အထက်သို့ ဆန်လာခဲ့လေ၏။

မမြစိန်းမှုကား သိုက်ဆရာ ပါလာသည့်အကြောင်းကို သိနှင့်ပြီးလေပြီ။ သို့ဖြစ်၍ မမြစိန်းသည် မိမိ၏ နေအိမ်၌ ခိုင်းစေသော တပည့်ကလေးများအား ခေါင်းအကြီးအကျယ် ကိုက်နေသောကြောင့် မထနိုင်ကြောင်း၊ ကိုရင်မောင် ပြန်လာ၍ ဧည့်သည်ပါလာခဲ့လျှင်လည်း တပည့်များကပင် ဧည့်ဝတ်ကျေအောင် ပြုစုကြဖို့ အကြောင်းများနှင့် မှာကြားသွန်သင် ထားနှင့်လေ၏။

တစ်နေ့သော မွန်းတည့်အချိန်ခန့်တွင် မောင်ရင်မောင်တို့၏လှေသည် ကျွဲနဖားရွာသို့ ရောက်လာခဲ့ရာ သိုက်ဆရာလည်း အတူပါလာခဲ့လေသည်။ လူရိုးလူကောင်းကြီးဖြစ်သော မောင်ရင်မောင်သည် သိုက်ဆရာအား သူ၏နှမကို မိမိ၏ နေအိမ်မှာပင် တည်းခိုနေထိုင်ရင်း ရှာဖွေရန် ဖိတ်ကြားခေါ်ငင်လာခဲ့ရာ၊ သိုက်ဆရာသည် မောင်ရင်မောင်နှင့်အတူ အိမ်ပေါ်သို့ တက်လာလေ၏။ မောင်ရင်မောင်က တပည့်များအား 'ဟဲ့ နင်တို့မမကော ဘယ်သွားသလဲ၊ ဧည့်သည် ပါလာတယ်လို့ ပြောခေါ်ကြပါဟဲ့' ဟု ပြောရာတွင်၊ တပည့်များက မမြစိန်းမှာ ခေါင်းကိုက်ခဲနေသောကြောင့် အခန်းပြင်သို့ပင် မထွက်နိုင်ကြောင်းနှင့် ပြောကြလေ၏။ သိုက်ဆရာမှုကား ပရိယာယ်မျှ ဖြစ်ကြောင်း သိခဲ့လေပြီ။

သိုက်ဆရာသည် မိမိ၏နှမကို ထောက်လှမ်းစုံစမ်းဟန်ပြုရင်း ထိုအိမ်၌ တစ်ရက်၊ နှစ်ရက်မျှ တည်းခိုလျက် ရှိသော်လည်း မမြစိန်းသည် အခန်းပြင်သို့ တစ်ကြိမ်တစ်ခါမျှ ထွက်ဖူးသည် မရှိချေ။ မောင်ရင်မောင်နှင့် အိမ်ဦးခန်းတွင် အတူထိုင်လျက် ရှိကြစဉ် သိုက်ဆရာက လောက၌ တစ်လုပ်စားဖူး





သူ့ကျေးဇူး ဟူသော စကားသည် အလွန်တံရာ အရေးပါ အရာရောက်လှကြောင်း၊ ကျေးဇူးကန်းသော သူများမှာ မြေမျိုခြင်း၊ မျက်စိကန်းခြင်း၊ မြွေဆိုးကိုက်ခြင်း၊ လှေမှောက်ခြင်း စသော အန္တရာယ် အမျိုးမျိုးတို့နှင့် တွေ့ကြုံတတ်ခြင်းနှင့် ဆိုင်ရာ နိပါတ်တော်များ၊ ပုံပြင်ဝတ္ထုများမှ ထုတ်နုတ်ပြီးလျှင် အာဝဇ္ဇန်းရွှင်ရွှင်ဖြင့် ကျယ်လောင်စွာ ပြောပြလေ၏။ သိုက်ဆရာသည် ၎င်းစကားများကို မောင်ရင်မောင်အား ပြောပြနေသော်လည်း၊ ရည်ရွယ်ရင်းမှာမူ အခန်းတွင်းမှ နားထောင်လျက်ရှိသူ မမြစိန်း ကြားစေဖို့ ဖြစ်လေသည်။ ထို့ပြင် မိမိမှာ ကျေးဇူးရှင်တစ်ယောက်ကို ဘယ်အခါမျှ ကျေးစွပ်ရန် ကြံရွယ်ချက်မရှိသည် ဖြစ်သောကြောင့် ထိုက်တန်သမျှကို အသင့်အတင့်လောက် ရရှိပါက ကျေနပ်ဝမ်းမြောက်စွာ ရှိမည် ဟူသော အဓိပ္ပာယ်မျိုးကိုလည်း တိုက်ရိုက်နည်းဖြင့် မဟုတ်ဘဲ ဝတ္ထု ပုံပြင်သဘောနှင့် သွယ်ဝိုက်ကာ သွတ်သွင်း ပြောပြလေ၏။ လူရိုးကြီး မောင်ရင်မောင်သည် သိုက်ဆရာ၏ စကားအနက်ကို မရိပ်မိသော်လည်း အခန်းတွင်းမှ နားစိုက်လျက်ရှိသော မမြစိန်းကမူ အလုံးစုံ ရိပ်မိနားလည်လေ၏။ နောက်ဆုံး၌ မမြစိန်းသည် ပရိယာယ် ဟန်အမူအရာ ကောင်းလှသော သိုက်ဆရာ၏ စကားကို ယုံကြည်သည်ဖြစ်၍ သူပြောသည့်အတိုင်း ထိုက်တန်သရွေ့ အသင့်အတင့်မျှကို တစ်နည်းနည်းဖြင့် ပေးကမ်းလွှတ်ချေအံ့ဟု အကြံအစည်ဖြင့် ယနေ့နံနက်တွင် အခန်းပြင်သို့ ထွက်လာလေ၏။

မမြစိန်းသည် ခေါင်းကိုက်သောသူတို့၏ သရုပ်တူလေအောင် နဖူးကို လက်ကိုင်ပဝါဖြင့် စည်းလျက် အခန်းပြင်သို့ ထွက်လာပြီးလျှင် မောင်ရင်မောင်နှင့် သိုက်ဆရာတို့၏ အနီးတွင် ထိုင်လေ၏။ သိုက်ဆရာသည် စကားများသူ တစ်ယောက် ဖြစ်သည့်အလျောက် ကရားရေသွန် အလျဉ်မပြတ်ရအောင် တရစပ် ပြောဆိုလျက်ရှိရာမှ၊ အလစ်ကိုချောင်း၍ ထိုင်ရာမှ ရုတ်တရက် ထပြီးလျှင် မမြစိန်း၏ လည်ပင်းကို ချည်မန်းကွင်းဖြင့် စွပ်လိုက်လေ၏။ မမြစိန်းသည် "ဆန့်ငင်ဆန့်ငင်"နှင့် ကြမ်းပေါ်သို့ လဲကျသွားလေရာ၊



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခဏ၌ မျက်လုံးပြူး မျက်ဆန်ပြူးဖြစ်လျက် ရုပ်ပျက်ဆင်းပျက် ဖြစ်လာခဲ့ပြီးလျှင် လျှာတွဲလဲ သွားဖြဲဖြဲနှင့် မမြင်ဝံ့ မရှုဝံ့အောင် ရှိနေခဲ့လေ၏။

ထိုခဏ၌မူကား မောင်ရင်မောင်၏ တပည့်များသည် ရုန်းရုန်း ရင်းရင်း အသံကြားသည့်နှင့် အိမ်ရှေ့သို့ တက်ပြေးလာကြသည် ဖြစ်သော ကြောင့် လူအတော်များပြားစွာ ဝိုင်းဝန်း ကြည့်ရှုနေကြလေရာ၊ သိုက်ဆရာက 'ကြည့်ကြစမ်း၊ ကြည့်ကြစမ်း၊ ဒီဟာ ဘယ်သူ မှတ်သလဲ၊ မင်းတို့က လူသား မှတ်သလား၊ မင်းတို့ တစ်ဆွေတစ်မျိုးလုံးမက တစ်ရွာလုံးရဲ့ အူအသည်းကို ထုတ်စားမယ်လို့ အကြံနဲ့လာတဲ့ မြေဖုတ်ဘီလူးမကြီးကွယ့်။ ကြည့်ကြလေ၊ လူသားစစ်စစ် ဆိုရင် ဒီလိုရုပ်မျိုး ဟုတ်နိုင်ပါ့မလား။ ဘယ်လောက် ကြောက်စရာကောင်းတဲ့ ဘီလူးမကြီးလဲ။ ကံကောင်းတယ်၊ မင်းတို့အားလုံး ကံကောင်းတယ်။ ငါသာ မရောက်လာရင် မင်းတို့အားလုံး သေပြီးသား ကောင်နဲ့ပဲ' စသည်ဖြင့် ကြမ်းပေါ်၌ လူးလိမ့်ကာ ရှိနေသော မမြစိန်းအား လက်ညှိုးညွှန်ကာပြလျက် ပြောလေ၏။ လူများလည်း တဖြည်းဖြည်း များ လာ၍ တစ်အိမ်လုံး ပြည့်နှက်လျက်ရှိ ရာ မမြစိန်း၏ ကြောက်မက်ဖွယ်ရာ လျှာတွဲလောင်းထွက်နေသော ရုပ်အဆင်းကို မြင်ကြရခြင်းအားဖြင့် ထိုသူ ပြောသမျှ ဟုတ်မှန်သည်ဟု ယူဆကြလျက် ကျေးဖူး မွေးဖူး ပြုစုစောင့်ရှောက် ခဲ့ဖူးသော ကျေးဇူးများကို သတိရသူ ဟူ၍ တစ်ဦးတစ်ယောက်မျှ မပြူ ထွက်ခဲ့ချေ။

နောက်ဆုံး၌ သိုက်ဆရာသည် ချည်မန်းကွင်း၏ တန်ခိုးအစွမ်း ကြောင့် မိမိအလိုရှိရာ မေးပိုင်ခွင့် ရှိသည်အတိုင်း မမြစိန်းအား သူ၏ပစ္စည်း များ ဝှက်ထားရာ နေရာကို မေးမြန်းစုံစမ်းလေရာ၊ မမြစိန်းမှာ မိမိ၏ ပစ္စည်း များ ဝှက်ထားသောနေရာ ဂူကြီးနှင့်တကွ ဂူတံခါးကြီး ဖွင့်နည်းကိုပါ ထုတ်ဖော် ပြောပြရလေ၏။ ထိုအခါ သိုက်ဆရာသည် ပစ္စည်းလိုချင်သူ ဟူသမျှတို့အား မိမိနှင့် အတူတကွ လိုက်ခဲ့ရန် ခေါ်ငင်လေရာ၊ တစ်ရွာလုံး လိုပင် လှေကြီး လှေငယ်နှင့် ပိန်းကော သမ္ဗန်မကျန် သိုက်ဆရာနှင့်အတူ





လိုက်ပါသွားကြလေ၏။ ပစ္စည်းဝှက်ထားသော ဂူကြီးသို့ ဆိုက်ရောက်သော အခါ သိုက်ဆရာသည် မမြစိန်းထံမှ မှတ်သား ယူငင်လာခဲ့သောနည်းဖြင့် ဂူတံခါးကြီးကို လက်ဝါးဖြင့်ပုတ်ကာ ဖွင့်လိုက်လေရာ၊ တံခါးကြီးလည်း ပွင့်သွားလေ၏။ အတွင်း၌ကား ရွှေပုံကြီး၊ ငွေပုံကြီးမှ စ၍ ကျောက်သံ ပတ္တမြားတို့သည် တစ်ဂူလုံး ထိန်ထိန်လင်းမတတ် ပြည့်နှက်လျက်ရှိရာ၊ သိုက်ဆရာသည် ရွာသားများအား အလိုရှိသမျှ ယူငင်ခွင့်ပြုလေ၏။ ရွာသား များလည်း သူ့ထက်ငါ တိုးဝှေ့ဝင်ရောက်ကြ၍ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား များကို အိတ်နှင့် ထည့်သူက ထည့်၊ တောင်းနှင့် သယ်သူက သယ်၊ သဘောရှိ ကျုံးယူစုဆောင်းလျက် ရှိကြလေ၏။ သိုက်ဆရာမှာမူ ရွှေ၊ ငွေ၊ ကျောက်သံ ပတ္တမြားကို အလိုရှိဟန် လက္ခဏာမရှိဘဲ၊ သိုက်ညွှန်းတွင် ပါရှိသော နဝရတ် လက်စွပ်ကိုသာလျှင် ကုတ်ကုတ်ပတ်ပတ် လှန်လှောရှာဖွေလျက် ရှိလေ၏။

*

မမြစိန်းမှာမူ ကျွဲနဖားရွာ၌ နေပူကြီးကျဲကျဲတွင် ကျန်နေရစ်ခဲ့လေရာ၊ ညေို သည် ဘိန်းစားရာမှ ပြန်လာ၍ ရုပ်ပျက်ဆင်းပျက်နှင့် နေပူထဲတွင် ပက်လက် ကလေး လှန်ကာ ရှိနေရှာသော မိမိ၏ကျေးဇူးရှင်မကြီးကို တွေ့မြင်လေ၏။ ထိုအခါ ညိုသည် အဖြစ်အပျက်ကို မသိရှိသည်နှင့် မမြစိန်းအား ပွေ့ထူ၍ အကျိုးအကြောင်း စုံစမ်းမေးမြန်းရာတွင်၊ မမြစိန်းက မိမိလည်ပင်းမှ ကြိုးကွင်း ကို ဖြုတ်ပေးရန် တောင်းပန်လေ၏။ ညိုက ကြိုးကွင်းကို ဖြုတ်ပေးလိုက် သည်နှင့် တစ်ပြိုင်နက် မမြစိန်းသည် လူကောင်းပကတိ ဖြစ်လာခဲ့ပြီးလျှင် မြေကြီးကို ခြေဖနောက်ဖြင့်ဆောင့်ကာ ကြုံးဝါးလိုက်ရာ၊ မြေကြီးလည်း သိမ့်သိမ့် တုန်သွားလေ၏။

ထို့နောက် အံ့သြစွာ ငေးကြည့်နေသော ညိုကို မိမိနှင့်အတူ လိုက်ခဲ့ ရန် ခေါ်ငင်၍ တောထဲမှ ဖြတ်ပြီးလျှင် ခရီးပြင်း နှင်လာကြလေ၏။ နောက်ဆုံး၌ မမြစိန်းနှင့် ညိုတို့သည် ဂူကြီးသို့ ရောက်လာကြလေရာ ရွာသားများနှင့် သိုက်ဆရာသည် ဂူတံခါးကြီးအတွင်းမှ "ပြူစိပြူစိ" နှင့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေကြလေ၏။ အကြောင်းကား မမြစိန်းကို ချည်မန်းကွင်း ဖြုတ်သည်နှင့် တစ်ပြိုင်နက် ခြေဖနောက်နှင့် မြေကြီးကို ဆောင့်လိုက်ရာတွင် ဂူတံခါးကြီး ပိတ်သွားချေသောကြောင့်တည်း။

မမြစိန်းသည် ဂူတံခါးအနီးမှ ရပ်လျက် 'ကိုရင်မောင်၊ ကိုရင်မောင်' ဟု ဟစ်ခေါ်ရာတွင် မောင်ရင်မောင်သည် ရွာသားများ အကြားမှ တိုး၍ ရှက်ကိုးရှက်ကန်းနှင့် တံခါးအနီးသို့ ချဉ်းကပ်လေ၏။

စိန်း။ ။ 'တော်ပါပေ့ ကိုရင်မောင်ရယ်၊ ရှင်ဟာ ရိုးတယ် အတယ် ဆိုတာတော့ ကျွန်မ သိပါရဲ့။ နို့ပေမဲ့ ကိုယ်နဲ့ ဆယ့်သုံးလေးနှစ် ပေါင်းသင်းပြီး လာခဲ့တဲ့ မယားနဲ့သားကို ဒီလို ရက်ရက်စက်စက် ပြုရက်နိုင်လိမ့်မယ်လို့များတော့ ကျွန်မ မထင်မိပေဘူး ကိုရင်မောင်။ သို့သော် ရှင် ရိုင်းသလို ကျွန်မက ပြန်ပြီး မရိုင်းပါဘူး ကိုရင်မောင်။ ကိုင်း ... ကိုင်း လာ လာ ... ထွက်ခဲ့ ထွက်ခဲ့' ဟု ပြောလျက် တံခါးကို မောင်ရင်မောင် တစ်ယောက် ထွက်သာလောက်ရုံမျှသာ ပွင့်စေ၍ မောင်ရင်မောင် ထွက်လာသည်နှင့် တစ်ပြိုင်နက် ပိတ်မြဲတိုင်း ပိတ်စေလေ၏။ ထို့နောက် မမြစိန်းသည် ဂူအတွင်းမှ ဆူညံစွာ တောင်းပန်လျက် ရှိကြသော ရွာသွားများနှင့် သိုက်ဆရာအား ...

စိန်း။ ။ 'ဟေ့ သိုက်ဆရာ၊ ယောက်ျားတန်မဲ့နဲ့ စကားမတည်တဲ့ သိုက်ဆရာ။ နည်းနည်းပါးပါး ရရင် တော်ပါပြီ၊ လောဘ မကြီးပါဘူးလို့ ရှင့်စကားကို ကျွန်မ ယုံစားမိတာ၊ ဟောဒီက မောင်မင်းကြီးသား ကယ်ပေလို့ သာပ။ နို့မဟုတ်ရင် ရှင့်အကြံ အောင်ရတော့ မလောက်ပါပဲ၊ ဟေ့ ရွာသားများ'

"ခင်ဗျား၊ ရှင်၊ တော်၊ မမြစိန်း၊ မြမြ" စသည်ဖြင့် ဆူညံအောင် အော်ထူးကြလေ၏။

စိန်း။ ။ 'ရက်စက်ပါပေ့ ရှင်တို့၊ ကျွန်မကတော့ မရှိရင် ဝေစား မဟဲ့လို့ သဘောထားပြီး ကျွန်မမှာ ရှိသမျှ ရှင်တို့အပေါ်မှာ ဖြန့်ဖြူးတယ်၊





ဝေပေးတယ်။ ရှင်တို့ကတော့ ကျွန်မကို သေအောင်ကြံတဲ့ လူယုတ်မာနဲ့ ပူးပေါင်းပြီး ကျွန်မ ထိန်းရတဲ့ ပစ္စည်းတွေကို ဝင်ယူနေကြတာပါလေ ဟုတ်စ။ တော်ကြပါပေ့၊ ကောင်းကြပေ့။ ကိုင်း ရှင်တို့ထိုက်နဲ့ ရှင်တို့ကံ ခံရစ်ကြပေတော့ ရှင်တို့' ဟု ပြောပြောဆိုဆိုနှင့် လက်ခုပ်တီးလိုက်သည်နှင့် တစ်ပြိုင်နက် သရဲ သဘက်ကြီးများသည် မြေကြီးထဲမှ ကွဲအက်ထွက်ပေါ်လာကြ၍၊ ဟစ်အော်ရန်းကန်လျက်ရှိသော ရွာသားများအား လည်ကုပ်မှ လည်းကောင်း၊ ခြေထောက်မှ လည်းကောင်း ကိုင်ဖမ်းကာဖြင့် ဂျိုးဂျိုးဂျွတ်ဂျွတ် မြည်အောင် ကိုက်ကာ စားသောက်ကြကုန်၏။ မမြစိန်းသည် မောင်ရင်မောင်နှင့် ငညိုတို့ကို ခေါ်ငင်၍ ရွာသို့ ပြန်လာလေ၏။ ရွာတံခါးသို့ ရောက်ကြသောအခါ မမြစိန်းသည် မိမိတည်ထားသော စေတီတော်အနီးတွင် ရပ်တန့်၍ မျက်ရည်အသွယ်သွယ် ယိုစီးလျက်ရှိသော မျက်နှာကို မောင်ရင်မောင်ဘက်သို့ လှည့်လျက် နောက်ဆုံးစကား မှာကြား ပြောဆိုသည်မှာကား–

'ကိုရင်မောင် ကိုရင်မောင်၊ နေ့ညမပြတ် အထပ်ထပ် မှာလိုက်ပါလျက်ကနဲ့ မခေါ်ခဲ့ပါနဲ့ ဆိုတဲ့ လူကို ခေါ်မိအောင် ခေါ်လာခဲ့ပါပေရဲ့ ကိုရင်မောင်။ လူဖြစ်ချင်လွန်းလို့ ဒီဝဋ်ကြီးက ကျွတ်ချင်လွန်းလို့ ရှင့်ကို မရရအောင် လှည့်ဖြား၊ ရွာပြန်မယ်ဆို မရရအောင် တား၊ သားကလေး ၁၃ နှစ်အရွယ် ရောက်ရင် သား ရှင်ပြု၊ ဘုရား ထီးတင်နိုင်ရင် အရှင်လတ်လတ် လူ့ဘဝ ရောက်မယ်ဆိုလို့ ရှင်နဲ့လည်း တစ်သက်ပတ်လုံး ချမ်းချမ်းသာသာ အိုအောင် မင်းအောင် ပေါင်းရလေအောင်၊ ကျွန်မလည်း လူဖြစ်ရလေအောင် ၁၃ နှစ်လုံးလုံး ကြိုးစားမိခဲ့သမျှတွေဟာ ရှင် မိုက်တဲ့အတွက်ကြောင့် ခဲလေသမျှ သဲရေကျ ဖြစ်ရပေါ့ ကိုရင်မောင်ရေ့။ ဒီအဖြစ် ရောက်ကြမှတော့ ရှင်နဲ့ကျွန်မနဲ့ အတူတကွ ပေါင်းသင်းနေထိုင်ကြဖို့ မရှိလို့မို့ ဒီဘဝမှာ ဒီတစ်ခါ နောက်ဆုံး တွေ့ရခြင်းပဲလို့ သဘောထားပြီး ကျွန်မကို အားရအောင် ကြည့်လိုက်ပေတော့ ကိုရင်မောင် လူမိုက်ကြီးရေ'

မမြစိန်းက မျက်ရည်တတွေတွေ ယိုစီးလျက် ဤသို့ မှာထားသည်ကို



www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းသော အခြင်းအရာ တစ်ခုမှာ လူကောင်းများက လူဆိုးများကို ကြောက်ကြရသည် ဆိုခြင်းသည် မပြောပလောက်သေး၊ လူဆိုးအချင်းချင်း တန်ခိုး ကြီးစဉ်ငယ်လိုက် ကြောက်ကြရပုံများမှာ အံ့ဖွယ်ရာ ကောင်းလှသည်။ သို့ဖြစ်၍ အခြားသော လူဆိုးများသည် ပါးရွဲ့သေိန်းနှင့် ခြေတိုဘထူးဆိုလျှင် ရိုးတွင်းခြင်ဆီမှ စိမ့်၍ လန့်ကြ၏။ ပါးရွဲ့သေိန်း သို့မဟုတ် ခြေတိုဘထူးက စိတ်ဆိုးသည်ဟု ကြားလိုက်ရသော လူဆိုးတစ်ယောက်သည် တရားခွင်၌ စက်ရှင်တရားသူကြီးက သေဒဏ်ချပေးသည်ကို ကြားလိုက်ရခြင်း ကဲ့သို့ တုန်လှုပ်ချောက်ချား လေတော့သည်။ အင်္ဂလိပ်ခေတ်၌ လူသတ်မှု တရားခံသည် နယ်စပ်ကို ဖြတ်ကူး၍ တစ်ပြည် တစ်နိုင်ငံသို့ ထွက်ပြေးရန် ကြိုးစားသေး၏။ ‘သေိန်းနှင့် ဘထူးက မင်းကို ငြိုးနေတယ်’ ဟူသော စကားကို ကြားလိုက်ရသော လူဆိုးတစ်ယောက်မှာမူကား ပြေးပေါက်မရှိသကဲ့သို့ ကြက်သေ သေသွားတတ်လေသည်။ လူဆိုးကြီးကို လူဆိုးကလေးက ကြောက်ရပုံမှာ ထိုရက်များ၌ တအံ့တသြ ရှိနေပေတော့သည်။

ဂျပန်ဝင်ခါနီးတွင် တရုတ်များသည် ဆိုင်ကြီး ကနားကြီးများကို ရုပ်သိမ်း၍ ထွက်ပြေးရှာကြ၏။ ထိုအချိန်တွင် တရုတ်စစ်တပ် ရှိနေသော်လည်း လုံခြုံမည်မထင်။ မိမိတို့ လူမျိုးအချင်းချင်းကိုလည်း အားမကိုး။ ဂျပန်ဝင်လျှင် သတ်လိမ့်မည်ဆိုကာ ထွက်ပြေးကြ၏။ အကြော်ဆိုင်နှင့် အရက်ဆိုင်များမှာ တရုတ်များ၏အလုပ် ဖြစ်သော်လည်း ထိုရက်များတွင် ဆိုင်ရှင်တရုတ်များ ပြေးကြပြီဖြစ်၍ “မျက်မှေး သာဂေါင်” သည် တရုတ်များ ပစ်ထားခဲ့သော အရက်ဆိုင်ကို လက်ဝါးကြီးအုပ်လျက် ရှိ၏။

တစ်ညသ၌ မျက်မှေးသာဂေါင်သည် အကြော်ဆိုင်ထဲ၌ရှိသော စားပွဲသုံးခုအနက်၊ တစ်ခုတွင်ထိုင်လျက် တူများကို အဝတ်စုတ်တစ်ခုနှင့် ပွတ်တိုက်နေစဉ်၊ တောအရက်ရောင်းသော စားပွဲရှည်ကြီး၌လည်း ထွန်းပြေ့သည် ဖန်ခွက်များကို ရေအင်တုံထဲသို့ ပစ်ချလျက် ရှိ၏။ ဖန်ခွက်ဆိုသော်လည်း ဘိလပ်ရည်ပုလင်း တစ်ပိုင်းပြတ်များသာ ဖြစ်လေသည်။ တူများ ပွတ်တိုက်





သော သာဂေါင်နှင့် ပုလင်းဖင်ပြတ်များကို ရေအင်တုံထဲသို့ ကောက်ထည့်နေသော ထွန်းပြေ့တို့သည် စကားတပြောပြောနှင့် အလုပ်လုပ်နေကြစဉ်၊ လူနှစ်ယောက်က ဝင်လာ၍ ချောင်ထဲ၌ ခင်းထားသည့် ခြောက်မြှောင့်စားပွဲလေး၌ ထိုင်ကြသည်။ တစ်ယောက်သောသူသည် မိမိ၏ ကာကီဘောင်းဘီတိုကို မစွန်းပေစေလိုသည့်ဟန်နှင့် ကုလားထိုင်မှ မြူမှုန်များကို လက်ကိုင်ပဝါဖြင့် ခါသေး၏။ ဒုတိယလူမှာမူ လုံချည်ဝတ်ထား၍ ‘မင်းတို့ဘောင်းဘီက ငါတို့ လုံချည်လို လှည့်ဝတ်လို့မရတာ ခက်ကျတာပဲ’ ဟုဆိုကာ မသုတ်သင်ဘဲ ထိုင်လေသည်။ ဘောင်းဘီတိုသမားမှာ ပါးရွဲ့သေိန်းဖြစ်၍၊ ချည်လုံချည်သမားမှာ ခြေတိုဘထူး ဖြစ်လေသည်။ ညအချိန်ဖြစ်သော်လည်း ထိုလူနှစ်ယောက်လုံးမှာ နှစ်ထပ်ဦးထုပ်များ ဆောင်းထားကြသည်။

ပါးရွဲ့သည် ပိုလိုဘူးကို ထုတ်၍ တစ်လိပ်ကို စားပွဲ၌ဆောင့်ကာ မီးညှိသောက်ပြီးနောက်၊ ပိုလိုဘူးကို ခြေတိုဘက်သို့ ပစ်ပေးလိုက်သည်။

မျက်မှေးသာဂေါင်နှင့် ထွန်းပြေ့တို့လည်း စကားစကိုဖြတ်၍ ထိုလူနှစ်ယောက်ကို ကြည့်နေရာမှ မိမိတို့အချင်းချင်း လှမ်းကြည့်ကြသည်။

ပါး။ ။ ‘ဘာစားမလဲဟေ့ ခြေတို’

တို။ ။ ‘ဘာဖြစ်ဖြစ် မြည်းစရာရှိ တော်ရောပေါ့ကွာ၊ ထမင်းစားပြီးခါစ များများ မစားနိုင်ပါဘူး’

ပါး။ ။ ‘ဟေ့ ကိုသာဂေါင် ဘာရနိုင်သလဲ’

ဂေါင်။ ။ ‘ခေါက်ဆွဲကြော်၊ အစိမ်းကြော်၊ ဘဲဥပြုတ်။ ဒါပဲ ရှိတယ်ဆရာ’

ပါး။ ။ ‘ဘဲဥ မစားချင်ဘူး၊ ကြက်ဥ စားချင်တယ်။ ကြက်ဥနဲ့ဝက်အူချောင်း တစ်ပွဲပေး၊ တောအရက် တစ်လုံးလည်း ယူခဲ့’

ဂေါင်။ ။ ‘ကြက်ဥ မရှိဘူး၊ ဘဲဥပဲ ရှိတယ်။ တောအရက်လည်း မရဘူး၊ ဦးရည်ပဲ ရမယ်’

ပါး။ ။ ‘ဟာ မင်းဥစ္စာ ဘာမှ ရတာ မရှိပါဘဲလား။ အစောကြီးရှိသေး၊ တောအရက် ကုန်သွားပြီလား’



www.burmeseclassic.com

www.burmeseclassic.com



ဂေါင်။ ။ 'တောအရက် ဒီကနေ့ လာမပို့ဘူး၊ ကြက်ဥလည်း ကုန်သွားပြီ ဆရာ'

ပါး။ ။ 'ဘယ့်နှယ်ဆိုင်လဲကွ၊ ဟိုဟာက မရှိ၊ ဒီဟာက ကုန်။ မင်းက တရုတ်စစ်ဗိုလ်တွေဖို့ ချန်ထားတာလားကွ'

ဂေါင်။ ။ 'မဟုတ်ပါဘူး ဆရာ၊ သူတို့လည်း ပိုက်ဆံ၊ ဆရာတို့လည်း ပိုက်ဆံ။ ကျုပ်က လူမရွေးပါဘူး၊ ရှိရင် ထုတ်ပေးမှာပေါ့'

ပါး။ ။ 'တို့ကို ယီးတီးယားတား မလုပ်နဲ့နော်၊ တရုတ်စစ်ဗိုလ်က ဝယ်ခိုင်းလို့ မင်း ထုတ်ရောင်းရင်တော့ ဇက်ပြုတ်သွားမယ်။ နားလည်လား'

သာဂေါင်သည် ပါးရွှဲ၏နာမည်ကြီးခြင်းကို သိသော်လည်း မခံချင်သော မျက်နှာထားနှင့် တစ်ချက် ပြန်ကြည့်လိုက်ပြီးမှ–

ဂေါင်။ ။ 'မဟုတ်တာ မပြောဘူးဗျ၊ မရှိလို့ မရှိဘူး ပြောတာ'

ပါး။ ။ 'အောင်မယ်၊ မင်းက ငါ့ကို ဝေါက်ဆတ်ဆတ်နဲ့လား'

ဂေါင်။ ။ 'ဘာ ဝေါက်လို့လဲ၊ မရှိလို့ မရှိဘူး ပြောတာပဲ'

ဤတွင် ခြေတိုဘထူးက 'ကိုယ့်ကိစ္စနဲ့ကိုယ် လာတုန်း ရန်ဖြစ်မနေပါနဲ့ ကိုသိန်းရာ' ဟု ဝင်ပြောသည်။

ပါး။ ။ 'ဒါဖြင့် ဦးရည်တစ်ပုလင်း ယူခဲ့၊ ဘဲဥ ဟပ်ဘွိုင်နဲ့ ဝက်အူချောင်း တစ်ပွဲ ယူခဲ့'

ဂေါင်။ ။ 'ဝက်အူချောင်းလည်း မရှိဘူး ဆရာ'

ပါး။ ။ 'ဟ ဘယ့်နှယ်လဲ၊ ကြက်ဥသာ မရှိဘူးဆို၊ ဝက်အူချောင်းလည်း မရှိပြန်ဘူးလား'

ဂေါင်။ ။ 'ကြက်ဥ မရှိဘူး၊ ဝက်အူချောင်း မရှိဘူး၊ တောအရက် မရှိဘူး'

ပါး။ ။ 'နို့ မင်းဥစ္စာ ဘာရှိတာလဲ'

ဂေါင်။ ။ 'ခေါက်ဆွဲကြော် ရှိတယ်၊ အစိမ်းကြော် ရှိတယ်၊ ဘဲဥပြုတ် ရှိတယ်လို့ ကျုပ် ပြောတာပဲ'





ပါး။ ။ 'ငါ့ကို စကားကောင်းကောင်း ပြောပါကွ၊ သာဂေါင်ရ'

ဂေါင်။ ။ 'ကောင်းကောင်းမပြောလို့ ဆိုးဆိုးပြောသလားဗျ'

ဤတွင် ပါးရွှဲသိန်းသည် ထိုင်ရာမှ ထမည်ပြုသေးရာ၊ ခြေတိုဘထူး က 'ဗျို့ ကိုသိန်း၊ ကိုယ့်အလုပ် ပျက်ကုန်ပါ့မယ်' ဟု သတိပေးလိုက်မှ ထိုင်ချလိုက်သည်။

ပါး။ ။ 'ကောင်းပြီကွာ၊ ဦးရည်တစ်ပုလင်းနဲ့ အစိမ်းကြော်တစ်ပွဲ ယူခဲ့'

ဂေါင်။ ။ (ထိုင်ရာမှ မထဘဲ)'ဟေ့ အရှူး၊ အစိမ်းကြော်တစ်ပွဲ။ ဟေ့ ကိုထွန်းပြေ့၊ ဦးရည်တစ်လုံး ယူခဲ့ဗျာ' ဟု အသီးသီး ပြောလိုက်ပြီးနောက်၊ တူများကို ဆက်လက်၍ အဝတ်စုတ်ဖြင့် ပွတ်တိုက်နေသည်။

ထူး။ ။ 'ထွန်းပြေ့ဆိုတာ ရွှေဘိုသား မှတ်တယ်၊ ဟုတ်လား'

ပြေ့။ ။ 'ဟုတ်တယ်၊ ရွှေဘိုအနောက် မယ်သလီကုန်းက'

ပါး။ ။ 'မယ်သလီကုန်းရယ်လို့ ကြဲကြဲဖန်ဖန်ကွာ၊ မဲဇလီကုန်း မဟုတ်လားကွ'

ပြေ့။ ။ 'ခေါ်တတ်ဘူးဗျ၊ ကျုပ်တို့ တစ်သက်လုံး မယ်သလီကုန်း ခေါ်တာပဲ'

ထူး။ ။'အေးလေ ခေါ်ချင်တာ ခေါ်ပါ၊ ဦးရည်ပုလင်းသာ ယူခဲ့ပါ'

ထွန်းပြေ့သည် ကြွက်လျှောက်ပေါ်၌ ထောင်ထားသော ပုလင်းများအနက်မှ တစ်လုံးကို ယူပြီးလျှင် ခြောက်မြောင့်စားပွဲသို့ လာ၍တင်ထားသည်။

ပါး။ ။ 'တရုတ်စစ်သားတွေ ဒီဘက်ကို မလာဘူးလားဟေ့ သာဂေါင်'

ဂေါင်။ ။ 'နေ့ခင်းမှ လာတယ်၊ ညမှာ မလာပါဘူး'

ပါး။ ။ 'မင်း စကားပြောတာ တိုတောင်းတောင်းနဲ့၊ မင်းက လူလည် လုပ်တာလား'

ဂေါင်။ ။ 'ဘာ လူလည်လုပ်လို့လဲ'



www.burmeseclassic.com

